ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၁၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 March 2023 ၁၁၀၅၄

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၂၈

၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြိုင်ပွဲဝင် အသင်းများနှင့် အားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်းနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

စာမျက်နှာ » ၅

အခွင့်အလမ်းများပွင့်ကြဖို့ အသက်မွေးဝမ်းကျောင်းသင် အထက်တန်းကျောင်းများ တက်ကြစို့

ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

စာမျက်နှာ » ၇

ကြေးမုံ

ပြည်သူများ၏အကျိုးစီးပွားများအား ထိရောက်စွာကာကွယ်စောင့်ရှောက်

တပ်မတော်သည် ပြည်သူလူထုနှင့်အတူလက်တွဲပြီး တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာသော တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေး၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်လာသောလိုအပ်ချက်များ ဖြေရှင်းပေးရေး၊ မိဘပြည်သူလူထုတို့အား ကာကွယ်စောင့်ရှောက်ရေးနှင့် လိုလားချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် "တပ်မတော်သားများ အနေနဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ် ၁၀ ပါးနဲ့အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။ 'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်' ဆိုတဲ့အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံကာကွယ်နိုင်ဖို့ဟာ ပြည်သူလူထု၏ တစ်ခဲနက်ပူးပေါင်းပါဝင်မှသာ ခိုင်မာမယ်။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံမှုသာ ပြည်သူများကလည်း စိတ်ရောကိုယ်ပါ လက်တွဲဆောင်ရွက်နိုင်မှာဖြစ်လို့ ပြည်သူတို့အပေါ် ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြရမယ်"ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ၂၀၂၀ ပြည့်နှစ်က ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာကို ဥပဒေဖောက်ဖျက်ပြီး အဓမ္မရယူရန်ကြိုးပမ်းခဲ့သည်ကို တားဆီးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာသည့် အစိုးရဖြစ်သည်။ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ဆူပူဆန္ဒပြမှုများသာရှိသော်လည်း နောက်ပိုင်း၌ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြားသောနေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်လာကြရာ အပြစ်မဲ့ပြည်သူများ၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ သာမက ရဟန်းသံဃာ၊ ကလေးသူငယ်များနှင့် အမျိုးပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများသည် မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီကဲ့သို့ နိုင်ငံရေးစနစ်တစ်မျိုးမျိုးဖြင့် လျှောက်လှမ်းလျက်ရှိသည်။ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံကကျင့်သုံးသည့်စနစ်အပေါ် သဘောထားကွဲလွဲမှုကြောင့် လုပ်ဆောင်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်အစိုးရကမျှ ခွင့်ပြုမည်မဟုတ်ပေ။ သည်းခံမည်မဟုတ်ပေ။ ဒီမိုကရေစီသည် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြစ်ပြီး အကြမ်းဖက်နည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ရည်ရွယ်ချက်ရှိရှိ ဖွဲ့စည်းခဲ့သည့် NUG မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့ကို ကူညီနေသည့် အချို့သော EAO အဖွဲ့တို့၏ နိုင်ငံပျက်စီးရေးလုပ်ဆောင်မှုများဖြစ်သည်။

ယနေ့အကြမ်းဖက်တိုက်ခိုက်မှုများသည် အစိုးရကို တိုက်ခိုက်သည်ဟုဆိုသော်လည်း အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများသည် အစိုးရတစ်ရပ်အတွက် နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်အတွက် ရှေ့ဆက်အကောင်အထည်ဖော်မည့် အမျိုးသားအကျိုးစီးပွားများ၊ ပြည်သူတို့၏အကျိုးစီးပွားများ နစ်နာဆုံးရှုံးမှုများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အစိုးရကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ " ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်" ဟူသည့် အချက်ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အချက်ဖြစ်၍ NUG နှင့် အကြမ်းဖက်အဖွဲ့များ၊ ၎င်းတို့ကို ပံ့ပိုးနေသည့် EAO အဖွဲ့အချို့ကို တပ်မတော်က ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် အရေးပေါ်သက်တမ်းကာလအတွင်း လုံခြုံရေးအရ အရေးကြီးသည့် မြို့နယ်များအား စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်နေရာ ယင်းသည် ပြည်သူများအား ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုများ တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေသည့် အကြမ်းဖက်အဖျက်သမားများ၏လုပ်ရပ်များကို ထိရောက်စွာထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံအစိုးရတိုင်းအနေဖြင့် ဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသလို ဥပဒေကိုဖောက်ဖျက်ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များလုပ်ဆောင်သည့် အဖျက်သမားများကို ထိရောက်စွာ နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူများ အေးချမ်းသာယာစွာနေထိုင်နိုင်ရေးနှင့် အကျိုးစီးပွားပျက်စီးမှုမရှိစေရေးအတွက် အကြမ်းဖက်အဖျက်သမားများအား တပ်မတော်နှင့်အတူလက်တွဲ၍ အမြစ်ပြတ်ချေမှုန်းကြရမည်ဖြစ်ပါကြောင်း။ ။

သက်တော်(၁၀၆)နှစ် ဝါတော် (၈၆)ဝါရှိ ဆရာတော်ကြီး ဘဒ္ဒန္တတေစိန္ဒအား အလှူငွေများ ဆက်ကပ်လှူဒါန်း

နတ်တလင်း မတ် ၂၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျွဲသေအုပ်စု ဘုရားထုရွာ ဘုန်းကြီးကျောင်းရှိ သတင်းသုံးနေထိုင်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တတေစိန္ဒ သက်တော်(၁၀၆)နှစ် ဝါတော် (၈၆)ဝါရှိ ဆရာတော်ကြီးအား ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွဲသေအုပ်စု စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှိုင်၊ ရပ်မိရပ်ဖများက သွားရောက်လှူဒါန်းကြရာ ဆရာတော်ကြီးက သြဝါဒစကားမိန့်ကြားပြီး လှူဒါန်းငွေကို ဦးခင်မောင်ဦးက ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအတွက် ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ကွပ်ကဲမှုအောက်ရှိ လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများက မိုင်းကိုင်မြို့နယ် အမှတ် (၄) ရပ်ကွက် မဏ္ဍိမရာမစာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၃ -၂၀၂၃)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၂၀၀	၈,၁၀၀	၆၀၉	၄,၉၃၃,၄၀၀
MTSH	၃,၁၀၀	၃,၀၀၀	၃,၀၀၇	၉,၀၆၀,၇၀၀
MCB	၇,၃၀၀	၇,၃၀၀	၁၅၀	၁,၀၉၅,၀၀၀

FPB	၁,၅၅၀	၁,၅၀၀	၅,၈၃၉	၈,၈၄၀,၂၅၀
TMH	၂,၅၅၀	၂,၅၅၀	၂၁၂	၅၄၀,၆၀၀
EFR	၂,၆၅၀	၂,၆၅၀	၀	၀
AMATA	၄,၈၀၀	၄,၉၀၀	၁၈၄	၈၈၃,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၈

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၇၁.၄
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၅.၀၉
(ဃ) ထိုင်း	တစ်ဘတ်	=	၆၁.၂၄၂
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၇၇.၁၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၅၅၀
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၀၁.၃
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၈၀.၂
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၆၀၄.၅
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၁.၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယတန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းနှင့် (ဃ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြစဉ်။

❖ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဝင် အားကစားအဖွဲ့များက အားကစားသစ္စာအမိန့်ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(၃)ပွဲစဉ်များဖြစ်သည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းနှင့် (ဃ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲပထမပိုင်း၌ နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းက ပွဲကစားချိန် ၃၇ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးခဲ့သည်။ ဆက်လက်၍ ဒုတိယပိုင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် ၅၀ မိနစ် ၇ စက္ကန့်တွင် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းက ဒုတိယမြောက်ဂိုး၊ ပွဲကစားချိန် ၆၄ မိနစ်တွင် တတိယမြောက်ဂိုး ထပ်မံသွင်းယူခဲ့ရာ စုစုပေါင်း သွင်းဂိုး သုံးဂိုးဖြင့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းက (ဃ)အသင်းကို အနိုင်ရရှိခဲ့သည်။

အုပ်စု လေးစုခွဲ၍ ယှဉ်ပြိုင်ကစားကြ

နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အုပ်စု(၁) ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်) အသင်း(က)တွင် မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ၊ဗန်းမော်)၊ အသင်း(ခ)တွင် ကွန်ပျူတာတက္ကသိုလ်(မန္တလေး၊ လားရှိုး၊ တောင်ကြီး)၊ အသင်း(ဂ)တွင် ကွန်ပျူတာတက္ကသိုလ်(မကွေး၊ မိတ္ထီလာ) တို့မှ အားကစားသမားများပါဝင်သည်။

အုပ်စု(၂)ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်)အသင်း(က)တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ၊ မြိတ်)၊ အသင်း(ခ)တွင် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်၊ မအူပင်၊ ဟသံ်တာ၊ သထုံ)၊ အသင်း(ဂ)တွင် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ၊ ပြည်၊ ဘားအံ၊ လွိုင်ကော်)တို့မှ အားကစားသမားများပါဝင်ကြောင်း၊ အုပ်စု(၃) နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) အသင်း(က)တွင် မန္တလေး နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၊ ဗန်းမော်၊ မကွေး၊ ပခုက္ကူ)၊ အသင်း(ခ)တွင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ)၊ အသင်း(ဂ)တွင် နည်းပညာတက္ကသိုလ်(မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း)၊ အသင်း(ဃ)တွင် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ နေပြည်တော်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ၊ ရမည်းသင်း)တို့မှ အားကစားသမားများပါဝင်ကြောင်း၊ အုပ်စု(၄)နည်းပညာတက္ကသိုလ်(အောက်မြန်မာပြည်) အသင်း(က)တွင် ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မော်ဘီ၊ တောင်ငူ)၊ အသင်း(ခ)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ၊ ပုသိမ်၊ ဟသံ်တာ)၊ အသင်း(ဂ)တွင် နည်းပညာတက္ကသိုလ် (သန်လျင်၊ မော်လမြိုင်၊ ဘားအံ)၊ အသင်း(ဃ)တွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်၊ ထားဝယ်၊ မြိတ်) တို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အုပ်စုပတ်လည်ပြိုင်ပွဲအား ၈ပြီ ၃ ရက်အထိ လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်အား ၈ပြီ ၅ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အား ၈ပြီ ၇ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီး/ပြည်နယ်ချင်း ဆက်စပ်နေသော စစ်ဆေးရေးဂိတ်များ၌ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်နိုင်မှသာ တရားမဝင်သွားရောက်ခြင်း၊ လူမှောင်ခိုကူးခြင်းနှင့် လူကုန်ကူးခြင်းတို့ကို အချိန်မီတားဆီးဆောင်ရွက်နိုင်မည်

နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် ဦးဆောင်သော လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ၂၀၂၃ ခုနှစ်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အကြံပြုဆွေးနွေးပေးရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများကို ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်မှုများ များပြားနေသောကြောင့် နယ်စပ်ဒေသများတွင် တားဆီးပညာပေးပြီး နေရပ်ပြန်လွှတ်နေရသည့် ဖြစ်စဉ်များတွင် ရွှေ့ပြောင်းသွားရောက်ကြသူများသည် မြန်မာနိုင်ငံအတွင်းပိုင်းဒေသအသီးသီးမှ လာရောက်ကြသူများဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ချင်း ဆက်စပ်နေသော စစ်ဆေးရေးဂိတ်များ၌ ကြပ်ကြပ်မတ်မတ်စစ်ဆေးဆောင်ရွက်နိုင်မှသာ တရားမဝင်သွားရောက်ခြင်း၊ လူမှောင်ခိုကူးခြင်းနှင့် လူကုန်ကူးခြင်းတို့ကို နယ်စပ်မရောက်မီ မိမိနိုင်ငံအတွင်းမှာပင် အချိန်မီတားဆီးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံခြားသားများအနေဖြင့် ကွန်ပျူတာ၊ နည်းပညာနှင့်ဆက်စပ်သည့် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့် အလုပ်ရမည်ဟုပြောဆိုစည်းရုံး၍ လိမ်လည်ခေါ်ဆောင်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ်မြို့များသို့ ရောက်ရှိလာကြခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ တရားဝင် ဝင်/ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်ကြသူများ မဟုတ်ကြောင်း။

မြန်မာနိုင်ငံတွင် အခက်အခဲဒုက္ခကြုံတွေ့နေရသော နိုင်ငံခြားသားများအား သက်ဆိုင်ရာ သံရုံးများနှင့် NCB လမ်းကြောင်းမှတစ်ဆင့် အကူအညီတောင်းခံမှုများရှိခဲ့ကြောင်း၊ နိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိပြီး ဒုက္ခရောက်နေသော နိုင်ငံခြားသားများကို ရှာဖွေကယ်တင်နိုင်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးကို ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၏ရလဒ်ပင်ဖြစ်ပါကြောင်း။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပေးကူညီမှုများသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်လာစေရန်အတွက် ထိတွေ့ဆက်ဆံနေရသည့်ဌာနဆိုင်ရာများအနေဖြင့် အသိပညာပေးမှုများ၊ စည်းရုံးဆွေးနွေးမှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ခြုံငုံသုံးသပ်ဆွေးနွေးကြကာ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား ရလဒ်တစ်ခု ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဦးလှမောင်ရွှေ၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် အထောက်အကူပြုအဖွဲ့ဝင် ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ NCA-S-EAO အလွတ်သဘော ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းဝင်း(RCSS)၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် စောမြရာဇာလင်း (ALP)နှင့် နိုင်အောင်မင်း (NMSP)၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်သန်းဌေး (DKBA)၊ စောကျော်ညွှန့် (KNU/KNLA-PC)၊ ကျာဖူး(LDU)၊ ခွန်မင်းသိန်း(PNLO)နှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဆိုင်ရာကိစ္စနှင့် ဖက်ဒရယ် အခြေခံမူများကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ် (၆)နှင့် မသန်စွမ်းစာရင်းများ DMIS Software တွင် ရေးသွင်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၂၈

မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ်(၆)နှင့် မသန်စွမ်းစာရင်းများ Disabled Management Information System (DMIS) Software တွင် ရေးသွင်းနည်း အွန်လိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လေ့ကျင့်သင်ကြားပေးခြင်းဖြစ်

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်က ယခုသင်တန်းသည် ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအတွက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်း တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်သည့် အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ အောက်တွင်ရှိသည့် လုပ်ငန်းကော်မတီ အသီးသီးတွင် တာဝန်ယူ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များကို အဓိက ဦးတည် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ အနေဖြင့် ပြည်တွင်း၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးတုံ့ပြန်ရေးလုပ်ငန်းများ၊ ဆန်းစစ်လေ့လာရေးလုပ်ငန်းများနှင့် ညှိနှိုင်းပေါင်းစပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့် နေရာများတွင် နိုင်ငံ၏အရေးပါသည့်အဖွဲ့ ဖြစ်လာစေရန် မျှော်မှန်းထားသည့် အတွက် ယခင်သင်တန်းတက်ရောက်ထားသည့် MDRT အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လက်တွဲ၍ နောင်သဘာဝဘေး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ AHA Centre ၏ ဒုတိယ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးက မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ သင်တန်းများ ဖွင့်လှစ်ခြင်း၏ နောက်ခံ အကြောင်းအရင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ်(၆)တွင် သင်တန်းသား စုစုပေါင်း ၃၁ ဦးတို့က လူကိုယ်တိုင်တက်ရောက်ကြသည်။ AHA Centre မှ Deputy Executive Director Mr. Krishna Putra Tanaja နှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မသန်စွမ်းစာရင်းများအား Disabled Management Information System (DMIS) Software တွင် ရေးသွင်းနည်း အွန်လိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် Hybrid ပုံစံဖြင့် ကျင်းပသည်။

ယင်းသင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး တပ်မတော် သတင်းနည်းပညာ ဌာန ဌာနမှူးက DMIS Software ရေးသွင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူမှုဝန်ထမ်းရုံးများမှ ဝန်ထမ်း ၁၂၆ ဦးတို့ကို အွန်လိုင်းဖြင့် မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေကြည်မြို့နယ်၌ ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ရေကြည် မတ် ၂၈

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် ညောင်ဌုပ်စုတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲက ကျင်းပသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လမ်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၉၄ သန်းဖြင့် လမ်းအရှည် (၀/၆ ဒသမ ၀၆)မိုင် အကျယ် ၁၂ ပေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး ပုသိမ် - မုံရွာလမ်းမကြီးနှင့် ညောင်ဌုကျေးရွာအုပ်စုရှိ အညာတန်း - ရုပ်သေးကုန်း - ညောင်ဌုကျေးရွာများ ဆက်သွယ်သော လမ်းဖြစ်သည့်အတွက် ကျေးရွာ ငါးရွာမှ အိမ်ခြေ ၃၄၃ အိမ်ရှိ လူဦးရေ ၁၅၂ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်လမြိုင်မြို့တွင် ဆန်စပါးဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မတ် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာသုံးသူရေးရာဦးစီးဌာနမှ ပြုစုရေးဆွဲထားသည့် ဆန်စပါးဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ အများပြည်သူထံ သဘောထားရယူဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မော်လမြိုင်မြို့နယ် KS ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က ဆန်စပါးဥပဒေ(မူကြမ်း) ရေးဆွဲရသည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ဦးက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းချုပ်က ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်ကဥပဒေ(မူကြမ်း)ပါ အချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ကာ ဆန်စပါးဥပဒေ (မူကြမ်း)အပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များကို အကြံပြုမေးမြန်းဆွေးနွေးကြရာ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

တန့်ယန်းမြို့နယ် အောင်မြတ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

တောင်ကြီး မတ် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အောင်မြတ်ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် အောင်မြတ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အသင်းသား အသင်းသူ ၂၉၆ ဦးအား ဆန်၊ ဆီနှင့် ဆား စသည့်စားသောက်ကုန် တန်ဖိုးတစ်ဦးလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၇၃၆၀၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၂၃ အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ ကျင့်သုံးရမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)၊ (၂၃၆/၂၀၂၃)၊ (၂၃၇/၂၀၂၃)၊ (၂၃၈/၂၀၂၃) နှင့် (၂၃၉/၂၀၂၃) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)** – ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇(ဂ)နှင့်(င)တို့အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ အရ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၂ အရ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများ။

၂။ **အမိန့်ကြော်ငြာစာအမှတ်(၂၃၆/၂၀၂၃)** – ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇(ဂ)အရ အောက်ဖော်ပြပါ တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မှုလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

(ဂ) ခရိုင်တရားရုံးများ

၃။ **အမိန့်ကြော်ငြာစာအမှတ်(၂၃၇/၂၀၂၃)** – ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဃ)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများက ကုန်အမှတ် တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ **အမိန့်ကြော်ငြာစာအမှတ်(၂၃၈/၂၀၂၃)** – ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မဖ၇(ဂ)အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမှုလမှုစီရင်ပိုင်ခွင့် အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၇ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ **အမိန့်ကြော်ငြာစာအမှတ်(၂၃၉/၂၀၂၃)** – ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၂-၃-၂၀၂၃)နေ့က ပြုလုပ်ခဲ့သောပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၃-၁-၂၀၂၃)နေ့မှ (၁၀-၃-၂၀၂၃)နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ၂၀ ဦး ပေါင်း ၂၃ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၇၁ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၇၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးရှေ့ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ သတ္တမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ ပထမနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၂၃၁၁ ပါး/ဦး အနက် ၁၄၂၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၁ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၅၇၃၆ ပါး/ဦး အနက် ၄၆၀၆၀ ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၃၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၈

သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူဖြစ်စေရန် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures)နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည် မြင့်မားစေရန်လည်းကောင်း ရည်ရွယ်၍ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး စန္ဒကူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ အရာရှိကြီးများ၊ အငြိမ်းစားသစ်တောအရာရှိကြီးများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသည် စတုရန်းမိုင် ၃၁၀၀၀ ခန့် ကျယ်ဝန်း၍ လူဦးရေ ၁၁ သန်းခန့် မှီတင်းနေထိုင်လျက်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် နည်းပါးခြင်း၊ လူဦးရေထူထပ်၍ သစ်တောများပေါ်တွင်မှီခိုမှုပိုမိုများပြားလာခြင်း၊ ရာသီဥတုပြင်းထန်လွန်ကဲခြင်းတို့ကြောင့် သဘာဝတောများ ပျက်စီးပြုန်းတီးခြင်း၊ တောအတန်းအစားကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိအပူပိုင်းတောများ ရေရှည်တည်မြဲရေးအတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို ဆောင်ရွက်နိုင်ရန် သစ်တောကြိုးပိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ပြီးစီမံအုပ်ချုပ်ခဲ့ကြောင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစီးဌာန၏ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကြီးလေးရပ်တွင် ပျက်စီးပြုန်းတီးနေသော သဘာဝတောများကို စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်သွားခြင်းဖြင့် အချိန်တိုကာလအတွင်း စရိတ်စကအသက်သာဆုံးဖြင့် ရေ၊ မြေ၊ သဘာဝနှင့် လိုက်လျောညီထွေသည့် သဘာဝတောများကို တိုးတက်ကောင်းမွန်လာအောင် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများက သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းဆိုင်ရာ စာတမ်းလေးစောင် ဖတ်ကြားတင်သွင်းခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အခွင့်အလမ်းများပွင့်ကြဖို့ အသက်မွေးဝမ်းကျောင်းသင် အထက်တန်းကျောင်းများတက်ကြစို့

ညွှန့်ဝင်း(နတ်တလင်း)

ယခုနှစ်ပညာသင်နှစ်အကုန်တွင် အခြေခံပညာရေးကျောင်းများသို့ ဝမ်းမြောက်ဖွယ်အသိပေးအကြောင်းကြားစာများ ရောက်ရှိလာသည်။ ၎င်းမှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များပါသင်ယူနိုင်မည့် အထက်တန်းကျောင်းများဖွင့်လှစ်မည့်အကြောင်း အသိပေးဖြန့်ဝေလာခြင်းဖြစ်သည်။

နိုင်ငံတော်က အနာဂတ်မျိုးဆက်သစ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးဝင်၍ အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် ပညာရပ်များကို တွဲဖက်သင်ကြားနိုင်မည့် ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ လာမည့်ပညာသင်နှစ်တွင် စက်မှုပညာရပ်၊ စိုက်ပျိုးရေးပညာရပ်၊ မွေးမြူရေးပညာရပ်များ၊ ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါအသက်မွေးဝမ်းကျောင်းပညာသင် အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထိုကျောင်းများတွင် အထက်တန်းဆင့် ပညာရပ်များကို သင်ယူနေစဉ်ကာလအတွင်းမှာပင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာရပ်များကို သင်ယူတတ်မြောက်နိုင်သည့် အခွင့်အလမ်းများရရှိမည်ဖြစ်ပြီး အတန်းပြီးမြောက်လျှင် သက်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

အသစ်ဖွင့်လှစ်မည့် အထက်တန်းဆင့်သင် စက်မှုနည်းပညာသင်ကျောင်း၊ စိုက်ပျိုးရေးနည်းပညာသင်ကျောင်း၊ မွေးမြူရေးနည်းပညာသင်ကျောင်းများတွင် အခြေခံပညာအလယ်တန်းဆင့် Grade–9 အောင်မြင်ပြီးသူများ တက်ရောက်သင်ကြားခွင့်ရမည်။ ထို့ကြောင့် အခြေခံပညာအလယ်တန်းဆင့် Grade– 9 အောင်မြင်ပြီးသူများသည် အခြေခံပညာအထက်တန်းဆင့် ပုံမှန်အတန်း Grade –10 သို့လည်းကောင်း၊ စက်မှုနည်းပညာသင် အထက်တန်းကျောင်း၊ စိုက်ပျိုးရေးအတတ်ပညာသင် အထက်တန်းကျောင်းနှင့် မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်းများသို့ လည်းကောင်း ပညာရေးလမ်းသွယ်လေးမျိုးကို ရွေးချယ်တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။

အခြေခံပညာအထက်တန်း Grade – 12 အောင်မြင်သူများသည် ၎င်းတို့သင်ယူခဲ့သော ဘာသာတွဲအလိုက် သတ်မှတ်အရည်အချင်းပြည့်မီစွာအောင်မြင်လျှင် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဝိဇ္ဇာ / သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်သင်ကြားခွင့်ရမည်ဖြစ်သည်။

စက်မှုနည်းပညာသင်ကျောင်း

အထက်တန်းဆင့် စက်မှုနည်းပညာသင်ကျောင်းတွင် တက်ရောက်သူများသည် အခြေခံပညာ အထက်တန်းပုံမှန်ဘာသာရပ်များအပြင် စက်မှုနည်းပညာသုံးမျိုးဖြစ်သော အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Mechining Technology) ဘာသာရပ်များကို လုပ်ငန်းခွင်အတွင်း ဝင်ရောက်ရန် အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။ စက်မှုနည်းပညာသင် ကျောင်းသားများသည် အထူးအောင်(Credit)နှင့် အောင်မြင်လျှင် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်သင်ယူကာ အင်ဂျင်နီယာဘွဲ့ (B.E) ရရှိမည့် နည်းပညာတက္ကသိုလ်နှင့် ပညာသင်နှစ်လေးနှစ် တက်ရောက်သင်ယူကာ စက်မှုနည်းပညာဘွဲ့ (B.Tech) ရရှိမည့် အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualify) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်သင်ယူကာ အင်ဂျင်နီယာနည်းပညာ (A.GTI) ဒီပလိုမာရရှိမည့် အစိုးရစက်မှုလက်မှု သိပ္ပံများသို့လည်းကောင်း တက်ရောက်နိုင်သည်။ အထက်တန်းဆင့်စက်မှုနည်းပညာကို သုံးနှစ်သင်ယူ၍ ပြီးမြောက်ကြောင်း လက်မှတ်ရရှိသူသည် လုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်ရန် အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားထားသဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ရာတွင် လည်းကောင်း၊ ကိုယ်ပိုင်စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ရာတွင် လည်းကောင်း အထောက်အကူများစွာရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးပညာသင် အထက်တန်းကျောင်း

စိုက်ပျိုးရေးပညာသင် အထက်တန်းကျောင်းတွင် အခြေခံပညာအထက်တန်းပုံမှန်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာများကို ပညာသင်နှစ်သုံးနှစ်အတွင်း လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုနိုင်မည့် သင်ရိုးညွှန်းတမ်းများနှင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထိုသင်တန်းမှ အထူးအောင်(Credit)ဖြင့် အောင်မြင်လျှင် Bachelor of Agricultural Science (B.Ag) ဘွဲ့ အပ်နှင်းမည့် ရေဆင်းတက္ကသိုလ် ငါးနှစ်သင်တန်းသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သည့် သုံးနှစ်သင် အစိုးရစိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ AGTI Diploma (Farm Mechinery) သုံးနှစ်သင်တန်းသို့ လည်းကောင်း တက်ရောက်နိုင်သည်။ ရိုးရိုးအောင်မြင်ပြီး စိုက်ပျိုးရေးအတတ်ပညာ ဒီပလိုမာ လက်မှတ် (Diploma in Agriculture) ရရှိသူများသည် စိုက်ပျိုးရေးနှင့် သက်ဆိုင်ရာကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။

မွေးမြူရေးအတတ်ပညာသင်ကျောင်း

မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်းများတွင် တက်ရောက်သင်ကြားသူများသည် အထက်တန်းဆင့်ပုံမှန်ဘာသာရပ်များအပြင် မွေးမြူရေးနှင့်ပတ်သက်၍ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုနိုင်မည့်သင်ရိုးများဖြင့် စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ သုံးနှစ်သင် မွေးမြူရေးပညာသင်တန်းမှ Credit ဖြင့် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) ခြောက်နှစ်သင်တန်းသို့ လည်းကောင်း၊ မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ်သင်တန်းသို့လည်းကောင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများမှ မွေးမြူရေးသိပ္ပံဘွဲ့ (Diploma in Animal Husbandry) သုံးနှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Agriculture) သုံးနှစ်သင်တန်းသို့ တက်ရောက်နိုင်သည်။ မွေးမြူရေးပညာကို ရိုးရိုးပြီးမြောက်အောင်မြင်သူများသည် ဒီပလိုမာ အောင်လက်မှတ်ရရှိပြီး မွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

ထို့ကြောင့် အလယ်တန်းဆင့် Grade – 9 အောင်မြင်သူကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်က ဖွင့်လှစ်သည့် ပုံမှန်အထက်တန်းပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခွင့် သာမက စိတ်ပါဝင်စားသူများသည် အသစ်ထပ်မံဖွင့်လှစ်မည့် စက်မှုနည်းပညာသင်အထက်တန်း၊ စိုက်ပျိုးရေးပညာသင်အထက်တန်းနှင့် မွေးမြူရေးပညာသင်အထက်တန်းများသို့လည်း ဆက်သွယ်စာရင်းသွင်း တက်ရောက်နိုင်မည်ဖြစ်ရာ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူအဆင့်ဆင့်က လမ်းညွှန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

ကိုးကား

၁။ နေ့စဉ်ထုတ်သတင်းစာများ။
၂။ ပညာရေးသတင်း Website များ။
၃။ အခြေခံပညာကျောင်းများသို့ညွှန်ကြားချက်များ။

> **“နိုင်ငံတော်က အနာဂတ်မျိုးဆက်သစ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးဝင်၍ အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် ပညာရပ်များကို တွဲဖက်သင်ကြားနိုင်မည့် ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ လာမည့်ပညာသင်နှစ်တွင် စက်မှုပညာရပ်၊ စိုက်ပျိုးရေးပညာရပ်များနှင့် မွေးမြူရေးပညာရပ်များကို အထက်တန်းဆင့်သင်ကျောင်းသားများ သင်ယူလေ့လာနိုင်ရန် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း တွဲဖက်ဖွင့်လှစ်မည်။**
>
> **အသစ်ဖွင့်လှစ်မည့် အထက်တန်းဆင့်သင် စက်မှုနည်းပညာသင်ကျောင်း၊ စိုက်ပျိုးရေးနည်းပညာသင်ကျောင်း၊ မွေးမြူရေးနည်းပညာသင်ကျောင်းများတွင် အခြေခံပညာအလယ်တန်းဆင့် Grade-9 အောင်မြင်ပြီးသူများ တက်ရောက်သင်ကြားခွင့်ရမည်”**

နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅ / ၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့်
ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/ ၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ တည်ဆဲနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ အကျုံးဝင်သည့် တည်ဆဲနိုင်ငံရေး ပါတီ ၉၀ ပါတီအနက် သတ်မှတ်ကာလ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့် ၂၈ - ၃ - ၂၀၂၃ ရက်နေ့အထိ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို အောက်ဖော်ပြပါ ပါတီ ၅၀ ပါတီက လျှောက်ထားခဲ့သည်-

စဉ်	ပါတီအမည်
(က)	ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(ခ)	မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)
(ဂ)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(ဃ)	ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]
(c)	ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ
(စ)	အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)
(ဆ)	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ
(ဇ)	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(ဈ)	ရခိုင်ဦးဆောင်ပါတီ [Arakan Front Party (AFP)]
(ည)	ပြည်သူ့အင်အားပါတီ
(ဋ)	ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]
(ဌ)	လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]
(ဍ)	တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]
(ဎ)	ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]
(ဏ)	လူထုပါတီ (The Party for People)
(တ)	ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(ထ)	ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)
(ဒ)	ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ
(ဓ)	ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)
(နဝ)	မွန်ညီညွတ်ရေးပါတီ (Mon Unity Party)
(ပ)	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)
(ဖ)	ပြည်သူ့အလုပ်သမားပါတီ
(ဗ)	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(ဘ)	အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]
(မ)	ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]
(ယ)	ရခိုင်အမျိုးသားပါတီ (Arakan National Party)
(ရ)	လူ့ဘောင်သစ်ပါတီ (NSP)
(လ)	အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ
(ဝ)	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)
(သ)	ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)
(ဟ)	အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]
(ဠ)	ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)
(အ)	ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(ကက)	နာဂအမျိုးသားပါတီ [Naga National Party (NNP)]
(ခခ)	၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR)PARTY]
(ဂဂ)	'ဝ'အမျိုးသားပါတီ (WA NATIONAL PARTY)
(ဃဃ)	ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)
(cc)	ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)
(စစ)	ပြည်သူ့ပါတီ (People's Party)
(ဆဆ)	မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ
(ဇဇ)	အမျိုးသမီးပါတီ(မွန်)
(ဈဈ)	မြိုတိုင်းရင်းသားပါတီ
(ညည)	ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)
(ဋဋ)	ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)
(ဍဍ)	ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)
(ဏဏ)	ကရင်ပြည်သူ့ပါတီ (KPP)
(တတ)	ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)
(ထထ)	မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)
(ဒဒ)	ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ
(ဓဓ)	မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ

၃။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၄၀ ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သဖြင့် ယင်းပါတီများကို ၂၉ - ၃ - ၂၀၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်-

စဉ်	ပါတီအမည်
(က)	လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(ခ)	ဒီမိုကရက်တစ်ပါတီ (မြန်မာ)
(ဂ)	ကယန်းအမျိုးသားပါတီ
(ဃ)	တအာင်း(ပလောင်)အမျိုးသားပါတီ
(c)	ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ
(စ)	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
(ဆ)	ဝံသာနုဒီမိုကရက်တစ်ပါတီ
(ဇ)	အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development)
(ဈ)	တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ [Ethnic National Development Party (ENDP)]
(ည)	ကမန်အမျိုးသားတိုးတက်ရေးပါတီ
(ဋ)	ဗမာပြည်သူ့ပါတီ (Bamar People's Party)
(ဌ)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
(ဍ)	မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
(ဎ)	မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ
(ဏ)	အရှိချင်းအမျိုးသားပါတီ (Asho Chin National Party)
(တ)	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
(ထ)	အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ
(ဒ)	အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party)
(ဓ)	ထားဝယ်တိုင်းရင်းသားများပါတီ
(နဝ)	ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)
(ပ)	ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ) ပါတီ
(ဖ)	ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY]
(ဗ)	လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
(ဘ)	ကရင်အမျိုးသားပါတီ
(မ)	မြိုအမျိုးသားဒီမိုကရေစီပါတီ
(ယ)	လမ်းပြကြယ်ပါတီ
(ရ)	၈၈ မျိုးဆက်ဒီမိုကရေစီပါတီ
(လ)	လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(ဝ)	ခေတ်သစ်ပြည်ထောင်စုပါတီ
(သ)	ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ
(ဟ)	အမျိုးသားတိုးတက်ရေးပါတီ
(ဠ)	ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ
(အ)	ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
(ကက)	ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)
(ခခ)	အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ယူ၊ဒီ၊ပီ) [National United Democratic Party (N.U.D.P)]
(ဂဂ)	အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]

စာမျက်နှာ ၈ သို့ ☆

နိုင်ငံရေးပါတီများတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထား

နေပြည်တော် မတ် ၂၈

ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၁၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ ရှိပြီဖြစ်သည်။ ထိုသို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားပြီးသည့် ပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ၁၂ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းခ္ဍသာ စည်းရုံးမည့်ပါတီ ၅၁ ပါတီ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) အရ တည်ရှိနေသောပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/ ၂၀၂၃) ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရမည့် သတ်မှတ်ကာလမှာ ယနေ့တွင် ကုန်ဆုံးသွားပြီဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၅ / ၂၀၂၃) ဖြင့် ယင်းပါတီများကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများအားဖျက်သိမ်းပြီးဖြစ်သည်။

နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများနှင့် မှတ်ပုံတင်လိုသူများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

☆ စာမျက်နှာ ၇ မှ

(ဃဃ) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
(Chin National League For Democracy Party)

(cc) ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]

(စစ) ကချင်အမျိုးသားပါတီ (Kachin National Party)

(ဆဆ) မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ
[Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် ပါတီ ၁၃ ပါတီမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	ပါတီအမည်
(က)	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ
(ခ)	ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party)
(ဂ)	ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ
(ဃ)	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
(c)	ဝံသာနုပါတီ
(စ)	ဒီမိုကရက်တစ်ပါတီ
(ဆ)	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ
(ဇ)	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ
(ဈ)	အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ
(ည)	ဒီမိုကရေစီပါတီ
(ဋ)	ခူမီးအမျိုးသားပါတီ
(ဌ)	ချင်းပြည်သူ့ပါတီ
(ဍ)	ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ

၅။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကရင်ပြည်နယ်ဝန်ကြီးချုပ် Grade-5 အင်္ဂလိပ်စာ မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးမှုအား ကြည့်ရှုအားပေး

ဘားအံ မတ် ၂၈

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ပြည်နယ်ဥပဒေချုပ်ဦးရဲလွင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် အခြေခံပညာမူလတန်း ထက်ဆင့် Grade-5 အင်္ဂလိပ်စာဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးနေမှုအားသွားရောက် ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူပြု၊ ဒု-မူပြု၊ လ/ထ မူပြုနှင့် မူအုပ် ဆရာ ဆရာပေါင်း ၄၈၀ အား နည်းပြ၊ ကြီးကြပ်ဆရာ၊ ဆရာမ ၂၁ ဦးဖြင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပို့ချမှုကို ကြည့်ရှုအားပေးရာ ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်နှင့် တာဝန်ရှိသူများက ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများ၊ ဘားအံမြို့မဘောလုံးကွင်းအတွင်း မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ် တည်ဆောက်နေမှုအခြေအနေနှင့် ကမ်းနားလမ်းတစ်လျှောက် ရေကစားမဏ္ဍာပ်များ တည်ဆောက်နေမှုအခြေအနေများနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်၊ မူ) တန်းများ ဖြေဆိုနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မအူပင်မြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

မအူပင် မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်တို့က မှာကြားဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့်ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများမှ ဆရာ ဆရာမ ၁၆၄၇ ဦးနှင့် သင်တန်းဆရာ ဆရာမ ၅၅ ဦး စုစုပေါင်း ၁၇၀၂ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကာလမှာ မတ် ၂၈ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ အခြေခံပညာမူလတန်းအဆင့် စွမ်းရည်မြှင့်ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်များရှိအခြေခံပညာမူလတန်းအဆင့် စွမ်းရည်မြှင့်ဘာသာရပ်ဆိုင်ရာ (မြို့နယ်အဆင့်)မွမ်းမံသင်တန်းများ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မှော်ဘီ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် လှည်းကူး (မြို့မ) အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မှော်ဘီမြို့နယ်ပညာရေးမှူး ဒေါ်စမ်းစမ်းဝင်းနှင့် လှည်းကူးမြို့နယ်ပညာရေးမှူး ဒေါ်သိန်းရွှေတို့က အဖွင့်အမှာစကားများ ပြောကြားပြီး သင်တန်းဆိုင်ရာ လမ်းညွှန်ချက်နှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။ သင်တန်းသို့ အဆိုပါ မြို့နယ်များရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ/ဆရာမကြီးများနှင့် မူလတန်းအဆင့်သင် ဆရာ/ဆရာမ မှော်ဘီမှ ၆၂၇ ဦးနှင့် လှည်းကူး ၉၃၂ ဦးတို့ကို ဗဟို/တိုင်းအဆင့် ဘာသာရပ်အလိုက် နည်းပညာသင်တန်းဆင်း ဆရာ/ဆရာမ မှော်ဘီမှ ၄၅ ဦးနှင့် လှည်းကူး ၅၆ ဦးတို့က ဘာသာရပ်အလိုက် မတ် ၂၈ ရက်မှ ၃၁ ရက်အထိ သင်ကြားဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဥာဏ်ဟိန်း

(၇၈)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိဂုဏ်ပြုအလှဆင်ထားမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၈

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေ အတွင်း ဘောဂသီရိ အဝေးပြေးကားဝင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အနီး မီးပွိုင့်လမ်းဆုံတွင် လည်းကောင်း၊ အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင်လည်းကောင်း၊ ပင်လောင်း မီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကိုဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ – အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခုံညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ တံဆိပ်ကြီးကို လည်းကောင်း ပန်းအလှများဖြင့် ခြယ်သထားပြီး စစ်ရေးပြကွင်းကြီး အတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေး တပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ် (၇၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီး ရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရား ပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များနှင့် လက်နက်ပုံစံတူများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယင်းပြင် (၇၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မန္တလေးမြို့ ကျုံးဘေးနှင့် ကျုံးဘေးရှိ ရတနာပုံဥယျာဉ်တွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

လွိုင်ကော်မြို့နှင့် တောင်ငူမြို့တို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၈

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။

တိုင်းစစ်ဌာနချုပ်အသီးသီး၌(၇၈)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၂၈

(၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပကြရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက တက်ရောက်မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၇၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အဆင့် တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်

ဆက်လက်၍ တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များ အလိုက် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

ပင်းတယမြို့နယ် တည်ပင်ကျေးရွာ၌ ဘက်စုံသုံး အဆောက်အအုံဖွင့်ပွဲ ကျင်းပ

ပင်းတယ မတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းကျေးရွာအုပ်စု တည်ပင်ကျေးရွာ၌ ဘက်စုံသုံး အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပင်းတယမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်က တည်ပင်ကျေးရွာတွင် ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပင်းတယမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တည်ပင်ကျေးရွာ ဘက်စုံသုံးအဆောက်အအုံ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခန်းမအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် တည်ပင်ကျေးရွာ ဘက်စုံသုံးအဆောက်အအုံသည် အလျား ပေ ၄၀၊ အနံ ၂၂ ပေ၊ အမြင့် ၁၀ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် သြဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

JJJ

ကျိုက်မရောမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကျင်းပ

ကျိုက်မရော မတ် ၂၈

မွန်ပြည်နယ် ကျိုက်မရော မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အထက(ကျိုက်မရော) ပညာအားမာန်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျိုက်မရော မြို့နယ် ပညာရေးမှူး ဒေါ်စုစုဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ ဆွေးနွေးသည်။

အချက်အလက်များကို ရှင်းလင်း အဆိုပါ မူလတန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့်သင်တန်းသို့ မြို့နယ်အအတွင်းရှိ အခြေခံပညာ မူလတန်းအဆင့် ဆရာ ဆရာမ ၈၁၂ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၂၆ ဦးတို့က သက်ဆိုင်ရာ ဘာသာရပ်များအလိုက် မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာ သင်ကြားဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် မတ် ၂၈

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက် နံနက်ပိုင်းတွင် ခရိုင်အစုအဖွဲ့ ဝန်ထမ်းအင်အားဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်လမ်းမကြီးတစ်လျှောက်ရှိ 66kV ဧရာဝဏ် Feeder(1) ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝ၃၁

နိုင်ငံတကာပလတ်စတစ်ကုန်စည်ပြပွဲ Novotel Hotel Yangon ၌ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယနိုင်ငံမှ Smart Expos Fairs India Private Ltd. တို့ ပူးပေါင်းကျင်းပမည့် (၆)ကြိမ်မြောက် နိုင်ငံတကာပလတ်စတစ်ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel Yangon တွင် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပလတ်စတစ်စက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများအပြင် ပုံနှိပ်လုပ်ငန်း၊ ထုပ်ပိုးစက်ရုံများအတွက် လိုအပ်သည့် ပစ္စည်းများကို အိန္ဒိယ၊ တရုတ်၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှ လုပ်ငန်းရှင်များက ပါဝင်ပြသသွားမည် ဖြစ်သည်။

ယခုကျင်းပမည့် (၆)ကြိမ်မြောက် နိုင်ငံတကာ ပလတ်စတစ်ကုန်စည်ပြပွဲကြီးသည် ပလတ်စတစ်လုပ်ငန်း စတင်လိုသူများနှင့် လုပ်ငန်းချဲ့ထွင်လိုသူများအတွက် နည်းပညာ၊ ကုန်ကြမ်းနှင့် စက်ပစ္စည်းများကို လေ့လာကြည့်ရှုနိုင်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

❖ **မြန်မာ့လက်ရွေးစင်မှ**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပဏာမကစားသမား ၂၄ ဦး ရွေးချယ်ကာ မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ လေ့ကျင့်လျက်ရှိပြီး ဖူဆယ်လိဂ်ပြိုင်ပွဲများ ပထမအကျော့အပြီး ခေတ္တရပ်နားသည့်ကာလတွင် ကာလတိုလေ့ကျင့်ခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် ကစားသမားသစ်အများစု ပါဝင်လာပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်ကကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာရဲမွန်ထွဋ်၊ အုပ်ချုပ်သူအဖြစ် ဦးရဲဝင်းထွန်း၊ နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန်(ထိုင်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြအဖြစ် ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝမ် (ထိုင်း)၊ ကစားသမားများအဖြစ် ဂိုးသမား-ကျော်ထက်အောင်၊ ညီညီသန့် (MIU)၊ ဇွဲပြည့်စုံ(VUC)၊ ဝေလင်းဖြိုး(MFF ယူ-၁၈)၊ ကစားသမား-ရှင်းထက်အောင်၊ အောင်ကျော်ဖြိုး၊ သူရထွန်း (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ၊ ဇော်လင်းထက်၊ ထွန်းမင်းလှိုင်၊ နှင်းသာ(MFF ယူ-၁၈)၊ ဝေဇင်ဦး၊ မျိုးမြင့်စိုး၊ ထွဋ်ဝေထွန်း၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်(VUC)၊ ပြည့်စုံအောင်၊ ဇော်ဖြိုးဦး (Generations)၊ မျိုးသက်အောင်၊ ကိုကိုလွင်၊ လှိုင်မင်းထွန်း(MIU)၊ ညီညီစိုး၊ ဟိန်းထက်အောင်(Dream Team) တို့ ပါဝင်ကြသည်။

(၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းမပါဝင်သော်လည်း မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအနေဖြင့် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ **ကိုညီလေး**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဧလ

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

မန္တလေးအသင်း(ရန်ကုန်)၏ (၄၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၄၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မတ် ၂၆ ရက်က ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း (ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်စံက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ညိုညိုခင်က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဘဏ္ဍာရေးမှူး ဒေါ်ခင်ဥမ္မာအောင်က လည်းကောင်း ရှင်းလင်းဖတ်ကြားတင်သွင်းရာ အသင်းဝင်များက အတည်ပြုကြသည်။

ဆက်လက်၍ အမှုဆောင်သက်တမ်း နှစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ အမှုဆောင်အဖွဲ့ဝင်များနုတ်ထွက်ပြီး ၂၀၂၂-၂၀၂၄ သက်တမ်းအတွက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ပွဲပြုလုပ်ရာ ဥက္ကဋ္ဌ ဦးကျော်စံ၊ အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဥမ္မာအောင်တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့ဝင် ၂၅ ဦးတို့ကို ရွေးချယ်ကြသည်။ ထို့နောက် ဥက္ကဋ္ဌသစ် ဦးကျော်စံက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့က အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးအသင်း(ရန်ကုန်)ဝင် အသက် ၇၅ နှစ်အထက်သက်ကြီး အဘိုး အဘွား ၁၄ ဦးတို့အား ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြရာ ကန်တော့ခံသက်ကြီး ဦးကျော်ညွန့်က သြဝါဒစကား ပြောကြားသည်။ ထို့နောက် မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းမှ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

ကျောက်တော်မြို့နယ်၌ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သမဝါယမကဏ္ဍအတွက် မတည်ချေးငွေများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ကျောက်တော် မတ် ၂၈

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် သမဝါယမကဏ္ဍအတွက် မတည်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်တော်မြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမကဏ္ဍတွင် ဆောင်ရွက်မည့် လမ်းမတော်ကျေးရွာ ရွှေလမ်းမြေသမဝါယမအသင်းအား မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သိန်း ၂၂၀ ကို မြို့နယ်စီမံကိန်းကြီးကြပ်မှူကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးဟန်တင့်မောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

တန့်ယန်းမြို့နယ်၌ အဆင့်မြင့် RC နှစ်ထပ်စျေးရုံသစ်ကြီး ဆောက်လုပ်ရန် ပန္နက်တင်

တန့်ယန်း မတ် ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မစျေး အနောက်ဘက်ခြမ်းအား အဆင့်မြင့် RC နှစ်ထပ် စျေးရုံသစ် ဆောက်လုပ်နိုင်ရန် ပန္နက်တင် မဂ်လာအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါ်ရွှေအိ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့မိမြို့ဖ ဦးစိုင်းမြင့်ဆွေ၊ ဦးစိုင်းဆန်စိန်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ မိုင်းဟသ်ထွန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာတို့တွင် ပန္နက်တင်ပေးကာ အမွေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ မြို့မစျေးအနောက်ဘက်ခြမ်း၌ အလျား ပေ ၂၀၀၊ အနံ ၈၆ ပေရှိ အဆင့်မြင့် RC နှစ်ထပ် စျေးရုံသစ်ကြီးကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

နယ်စပ်ရေးရာဝန်ကြီးဌာနက မွန်ပြည်နယ်အတွင်း ရေရှားပါးသော ရပ်ကွက်/ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေး

မော်လမြိုင် မတ် ၂၈

နယ်စပ်ရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာများ မီးလင်းရေး၊ သောက်သုံးရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ်အတွင်း မြို့နယ်များ၌ ရေရှားပါးသော ရပ်ကွက်/ ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် ကျိုက်ထို၊ သထုံ၊ မော်လမြိုင်၊ ချောင်းဆုံ၊ သံဖြူဧရပ်နှင့် ရေးမြို့နယ်တို့တွင် လေးလက်မ စက်ရေတွင်း ရှစ်တွင်း တူးဖော်ပေးခဲ့ရာ ရေထွက်ရှိအောင်မြင်ပြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ စက်ရေတွင်း တစ်တွင်းစီအတွက် ကွန်ပရက်ဆာနှင့် ရေစက်ရုံ၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်တို့ကို တည်ဆောက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကြေးမုံ

မိုးနဲမြို့နယ်ရှိ ကျေးရွာခုနစ်ရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများ လွှဲပြောင်းအပ်နှံ

မိုးနဲ မတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ကျေးရွာ ခုနစ်ရွာအား စီမံကိန်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ လုပ်ငန်းများ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကားပြောကြားပြီး

မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နမ့်စန်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ခုနစ်ရွာမှ ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်များကို လွှဲပြောင်းပေးခဲ့သည်။

မိုးနဲမြို့နယ်ရှိ ပန်လော့ကျေးရွာ၊ လွှိုင်ဝပ်ကျေးရွာ၊ ပန်ယောင်ကျေးရွာ၊ ဖီးလင်ကျေးရွာ၊ ခုတ်စက်ကျေးရွာ၊ ကုန်းပေါင်းကျေးရွာနှင့် ဝမ်တက်တက်ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခုနစ်ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၇၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၂၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၁၂၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

JJJ

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၆၇,၀၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၀၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀)ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- ◆ အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- ◆ အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- ◆ အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- ◆ လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- ◆ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- ◆ တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ◆ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၃-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၄၅	၂၁၉၅	၂၁၉၀	၂၁၅၅	၂၁၉၅	၂၂၁၅	၂၂၀၀	၂၁၈၀	၂၂၈၀	၂၂၉၅	၂၁၈၅	၂၁၉၅	၂၂၃၀	၂၂၃၅	၂၂၃၅	၂၄၆၅	၂၈၁၀
95 Ron	၂၂၄၀	၂၂၉၀	၂၂၈၅	၂၂၅၀	၂၂၈၅	၂၃၁၀	၂၂၉၅	၂၂၇၅	၂၃၇၀	၂၃၈၅	၂၂၈၀	၂၂၉၅	၂၃၂၅	၂၃၂၅	၂၃၃၀	၂၅၅၅	၂၈၈၅
HSD (500 ppm)	၂၁၁၀	၂၁၆၀	၂၁၅၅	၂၁၂၀	၂၁၆၀	၂၁၈၀	၂၁၈၀	၂၁၄၅	၂၂၆၅	၂၂၆၀	၂၁၅၀	၂၁၆၅	၂၁၉၅	၂၂၀၀	၂၂၀၀	၂၄၃၀	၃၁၀၀
HSD (50 ppm)	၂၁၉၀	၂၂၄၀	၂၂၃၅	၂၂၀၀	၂၂၄၀	၂၂၆၀	၂၂၆၀	၂၂၂၅	၂၃၄၅	၂၃၄၀	၂၂၃၀	၂၂၄၅	၂၂၇၅	၂၂၈၀	၂၂၈၀	၂၅၁၀	၃၁၃၀
HSD (10 ppm)	၂၁၉၀	၂၂၄၀	၂၂၃၅	၂၂၀၀	၂၂၄၀	၂၂၆၀	၂၂၆၀	၂၂၂၅	၂၃၄၅	၂၃၄၀	၂၂၃၀	၂၂၄၅	၂၂၇၅	၂၂၈၀	၂၂၈၀	၂၅၁၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၃၇	၂၁၁၂
95 Ron	၂၁၂၈	၂၂၀၄
HSD (500 ppm)	၂၀၀၇	၂၀၇၇
HSD (50 ppm)	၂၀၈၁	၂၁၅၂
HSD (10 ppm)	၂၀၈၁	၂၁၅၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

*** ပါရီအိုလံပစ်မှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ်မှ မတ် ၂၄ ရက်တွင် ပြန်လည်ရောက်ရှိလာပြီး မတ် ၂၅ ရက်မှ စတင်ကာ လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမား ၂၄ ဦး၊ ထိုင်းအမျိုးသမီးကလပ်တွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ဝင်းသိုဂီထွန်း၊ ဒဏ်ရာကြောင့် တရုတ်ခြေစမ်းခရီးစဉ်မလိုက်ပါနိုင်သည့် နောက်ခံလူ ခင်သန်းဝေအပါအဝင် စုစုပေါင်း ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ ပါရီအိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ်ကစားသမား ၂၂ ဦး ရွေးချယ်ရမည်ဖြစ်သောကြောင့် မြန်မာအမျိုးသမီးအသင်းသည် ကစားသမားလေးဦး လျှော့ချရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် - ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြများအဖြစ် - ဒေါ်စန်းစန်းမော်၊ ဦးစထက်နိုင်ဝင်း၊ ဂိုးနည်းပြ - ဦးယဉ်မင်းအောင်၊ ပဏာမကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ နောက်တန်း - မိုးမမစိုး၊ ဇွန်ယုယဦး၊ မေသက်မွန်မြင့်၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ အိအိကျော်၊ ခင်သန်းဝေ၊ အလယ်တန်း - ခင်မာလာထွန်း၊ နန့်မေသဇင်၊ ခင်မိုမိုထွန်း၊ ရှုပါခိုင်၊ မေစပါယ်ဖူး၊ ပုံပုံပြည့်မောင်၊ လင်းမြင့်မိုရ်၊ နော်ထက်ထက်ဝေ၊ ဝေဖူးအိမ်၊ ရှေ့တန်း - ဝင်းသိုဂီထွန်း၊ ဆုပြည့်ပြည့်ကျော်၊ မြတ်နိုးခင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်နှင့် ရွှေရီထွန်းတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ပါရီအိုလံပစ်ခြေစစ်ပွဲတွင် အုပ်စု (ခ)၌ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်အသင်းတို့နှင့်အတူ ကျရောက်နေပြီး ယင်းပွဲစဉ်များကို ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

■

ဗီယက်နမ်နိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားခရီးသွားများကို အီလက်ထရွန်းနစ်ဗီဇာ သုံးလအထိ ခွင့်ပြုပေးမည်

ဟန္တိုင်း မတ် ၂၈

ဗီယက်နမ်အစိုးရသည် နိုင်ငံအတွင်း ကာလရှည် နေထိုင်မည့် ခရီးသွားများအတွက် အီလက်ထရွန်းနစ်ဗီဇာကို သုံးလအထိ ခွင့်ပြုပေးသွားမည်ဖြစ်သည်ဟု ဗီယက်နမ်အစိုးရက ယနေ့အတည်ပြုခဲ့ကြောင်း ဒေသတွင်းသတင်းစာ Vietnam News က ယနေ့ သတင်းဖော်ပြသည်။

ဖြေလျှော့သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိ

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ခရီးသွားလာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့သွားရန် အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် ခရီးသွားများကို ယခင် ရက် ၃၀ နေထိုင်ခွင့်ပေးခဲ့ရာမှ သုံးလအထိ နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

ခရီးသွားများနိုင်ငံတွင်း နေထိုင်ခွင့်တိုးမြှင့်ခြင်းကို လာမည့်မေလတွင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရရှိရန် အဆိုတင်သွင်းသွားမည်ဖြစ်သည်။

ဖြေလျှော့ပေးသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများသည် နိုင်ငံခြားခရီးသွားများနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် စီးပွားရေးပြန်လည်နလန်ထူမှုနှင့် တိုးတက်မှုကို တွန်းအားပေးရန်အတွက် ရည်ရွယ်သည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် နိုင်ငံခြားခရီးသွားများကို ပြန်လည်ဝင်ရောက်ခွင့်ပြုသည့် အရှေ့တောင်အာရှနိုင်ငံများအနက် ပထမဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ယမန်နှစ်တွင် နိုင်ငံခြားသားခရီးသွား၀င်ရောက်မှုသည် ၃ ဒသမ ၆၆ သန်းသာရှိခဲ့ပြီး ကပ်ရောဂါအကြိုကာလ၏ ၂၀ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်။

ယခုနှစ်တွင် နိုင်ငံခြားသားခရီးသွား အရေအတွက် ရှစ်သန်းခန့် လာရောက်ရန်ရည်မှန်းထားပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃ ဘီလီယံ ဝင်ငွေရရှိကာ ယမန်နှစ်ကထက် ၃၁ ရာခိုင်နှုန်း တိုးလာရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

လျှပ်စစ်ကားကဏ္ဍတိုးတက်ရေး အင်ဒိုနီးရှားဆောင်ရွက်

ဂျကာတာ မတ် ၂၈

အင်ဒိုနီးရှားနိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတိုးတက်ရေးအတွက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ၎င်းထုတ်လုပ်သည့် လျှပ်စစ်ကားများအား အောင်မြင်စွာပြသနိုင်ခဲ့ပြီးနောက် ယခုနှစ် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင်လည်း စွမ်းအင်ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်အဖြစ် လျှပ်စစ်ကားများကို အဆိုပါထိပ်သီးဆွေးနွေးပွဲ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း East Nusa Tenggara ပြည်နယ် Labuan Bajo မြို့၌ အာဆီယံထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲ၌ ကိုယ်စားလှယ်များအား သယ်ယူပို့ဆောင်ရေးဆောင်ရွက်ရန်အတွက် လျှပ်စစ်ကား ၂၇၅ စီးကို တာဝန်ချထားမည်ဖြစ်သည်။ ထို့ပြင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဆိုက်ကယ် ၁၀၅ စီးကိုလည်း ပူးတွဲတာဝန်ပေးသွားမည်ဖြစ်သည်။ လျှပ်စစ်ကားများအတွက် လျှပ်စစ်ဓာတ်အားဖြည့်ရုံများကို နိုင်ငံပိုင်လျှပ်စစ်ကုမ္ပဏီ PLN က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားဖြည့်ရုံများကို လျှပ်စစ်ကားများရပ်နားရာနေရာများတွင် တည်ဆောက်သွားမည်ဖြစ်ပြီး အထောက်အကူပြု လျှပ်စစ်ပစ္စည်းများကိုလည်း အဆင်သင့်သုံးစွဲနိုင်ရန် ထားရှိသွားမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက ယမန်နှစ်အတွင်း ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲတွင် လျှပ်စစ်ကားများအသုံးပြုခြင်းဖြင့် နိုင်ငံ၏ သန့်ရှင်းသည့်စွမ်းအင်သုံးစွဲမှု တိုးမြင့်လာသည်ကို ထင်ဟပ်ပြသနိုင်ခဲ့ကြောင်း ဒေသခံမီဒီယာများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအဆောက်အအုံဝင်ပေါက်ဂိတ်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား အရပ်သား ခြောက်ဦးသေဆုံး

ကဘူးလ် မတ် ၂၈

အာဖဂန်နစ္စတန် မြို့တော် ကဘူးလ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအဆောက်အအုံ၏ ဝင်ပေါက်ဂိတ်အနီးတွင် ယမန်နေ့က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အရပ်သား ခြောက်ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တာလီဘန် အစိုးရအဖွဲ့၏ အဆိုပါ ရုံးအဆောက်အအုံအနီး လုံခြုံရေး စစ်ဆေးရေးဂိတ်သို့ သံသယဖြစ်ဖွယ် အမျိုးသားတစ်ဦး လမ်းလျှောက်လာစဉ် လုံခြုံရေးအဖွဲ့ဝင်များက အဆိုပါအမျိုးသား အား စစ်ဆေးမေးမြန်းရန် ကြိုးပမ်းစဉ် ၎င်းက မြေကြီးပေါ် လိမ့်ချခဲ့ရာ ၎င်းကိုယ်ပေါ်တွင် တပ်ဆင်ထားသည့် ဗုံးများ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း ရဲအရာရှိများက အတည်ပြုပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားခြောက်ဦး အနည်းဆုံးသေဆုံးခဲ့ပြီး ကလေးငယ်များအပါအဝင် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် အချိန်၌ လမ်းမပေါ်တွင် ဖြတ်သန်းသွားလာသူများဖြင့် စည်ကားနေခဲ့သည်။

ဧနန္တဝါရီလအတွင်းက အစိုးရအဆောက်အအုံများနှင့် သံရုံးများ တည်ရှိရာ နေရာများတွင်လည်း အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ဗုံးပေါက်ကွဲမှုများကြောင့် ငါးဦး အနည်းဆုံး သေဆုံးခဲ့သည်။

အဆိုပါ အကြမ်းဖက်မှုများကို အိုင်အက်စ် စစ်သွေးကြွများက ကျူးလွန်နိုင်ဖွယ် ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ခရီးသွားလုပ်ငန်းပြပွဲ ကျင်းပ

ရှန်ဟိုင်း မတ် ၂၈

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ခရီးသွားလုပ်ငန်းပြပွဲဖြစ်သည့် Tourism Plus Shanghai 2023 အား ယနေ့ စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသည် အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ ခြောက်သိန်းရှိပြီး အဓိကပြခန်း ခြောက်မျိုး၌ ထိပ်သီးဆွေးနွေးပွဲ ၉၀ ကျင်းပခြင်း အပါအဝင် ထုတ်ကုန်ပစ္စည်းများပြသခြင်းနှင့် ဆုချီးမြှင့်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါပြပွဲ၌ ပါဝင်ပြသသူ ၅၀၀၀ ခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ အကြီးစားခရီးသွားလုပ်ငန်းပြပွဲ ကျင်းပနိုင်ခြင်းဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာသည်ကို ပြသရာရောက်ကြောင်း တရုတ်နိုင်ငံ၏ အဓိကဟိုတယ်လုပ်ငန်းအုပ်စုများတွင် ပါဝင်သည့် BTG Homeinns Hotels (Group) Co., Ltd. မှ အထွေထွေမန်နေဂျာ ဆန်ဂျင်းက ပြောကြားသည်။

ယခုခရီးသွားပြပွဲအား ပထမပိုင်းအဖြစ် မတ် ၂၈ ရက်မှ ၃၁ ရက်အထိနှင့် ဒုတိယပိုင်းအဖြစ် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ပြသသွားမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

အမေရိကန်နိုင်ငံရှိ မူလတန်းကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

နက်ရ်ဗေး မတ် ၂၈

အမေရိကန်နိုင်ငံ တောင်ပိုင်းတန်နက်ဆီပြည်နယ် နက်ရ်ဗေးမြို့ရှိ မူလတန်းကျောင်း၌ ယမန်နေ့တွင် အမျိုးသမီးတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ကလေးငယ်သုံးဦး အပါအဝင် ခြောက်ဦး သေဆုံးကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်၌ အသက် ၂၈ နှစ် အရွယ် အမျိုးသမီးတစ်ဦးက ရိုင်ဖယ် သေနတ်နှစ်လက်နှင့် ပစ္စတိုတစ်လက်ကိုင်ဆောင်လာပြီး အဆိုပါကျောင်းအတွင်းသို့ ဝင်ရောက်ကာ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်၌ ရဲများနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပြစ်မှုကျူးလွန်သူအမျိုးသမီး သေဆုံးခဲ့သည်။ ၎င်းသည် နက်ရ်ဗေးဒေသခံဖြစ်ကာ အဆိုပါ မူလတန်းကျောင်းမှ ကျောင်းသားဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရားခံအမျိုးသမီး သည် မည်သည့်အတွက် ပြစ်မှုကျူးလွန်ကြောင်း သိရှိနိုင်ရန် ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း လက်နက်ကိုင်ဆောင် ကျူးလွန်သည့်ပြစ်မှုများ မြင့်တက်နေသည့်အတွက် စာသင်ကျောင်းများတွင် လက်နက်ကိုင်မှုခင်းများ ဖြစ်ပွားခြင်းမှ ကာကွယ်စောင့်ရှောက်ရမည်ဟု သမ္မတဂျိုးဘိုင်ডင်က ပြောကြားသည်။

ကိုးကား - အင်နှ်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များ မူလနေရပ်ဒေသများ၌ ပြန်လည်နေထိုင်

နေပြည်တော် မတ် ၂၈

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစခန်း၊ ပျံကျစခန်း၊ စည်ပင်စခန်း၊ မြို့ပိုင်ကုန်းစခန်းများနှင့် ဆွေမျိုးများ၏ နေအိမ်များတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင် ၃၆၃ စုမှ မိသားစုဝင် လူဦးရေ ၁၅၀၄ ဦးတို့သည် ယနေ့တွင် ၎င်းတို့၏သဘောဆန္ဒအရ မူလနေရပ်ဒေသများဖြစ်သော ပလက်ဝမြို့နယ် အတွင်း ကျေးရွာများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ ၎င်းတို့၏ မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့၏ အိမ်သုံးပစ္စည်းများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ဒေသခံအိမ်ထောင်စုဝင်များ အားလုံးသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြပြီးဖြစ်သဖြင့် အဆိုပါယာယီခိုလှုံရာစခန်းများအား ပိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တရားမဝင် သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၅ ရက်တွင် လားရှိုးခရိုင်တရားမဝင်ကုန်ပစ္စည်းတားဆီးကာကွယ်ရေး (Mobile-Team) အဖွဲ့က တာချီလိတ်မြို့မှ မိုင်းတုံမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲဝက်သားချည် သုံးကီလိုဂရမ် အပါအဝင် အေးခဲအသား လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၀၀၀) ကိုလည်းကောင်း၊ မတ် ၂၇ ရက်တွင် မူဆယ်ခရိုင် တရားမဝင်ကုန်စည် တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ စွမ်စော် ရပ်ကွက် စွမ်စော် (၄)လမ်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရပ်တန့်ထားသော ယာဉ်တစ်စီးအား ရှောင်တခင်သွားရောက်စိစစ်၍ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၃၉၉၅၀)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက်မပါရှိသော တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၇၁၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၃၉၈၅၅၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် လျှပ်စစ်ထမင်းပေါင်းအိုးများကို တွေ့ရစဉ်။

အလားတူ မတ် ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၉၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၆၀၉၈၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်အသီးသီးအလိုက် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၆၈ ဒသမ ၃၈၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၁၀၇၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၂၄၁၀၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန

ရှေဘိုမြို့ရှိ အဝေးပြေးကားဝင်းအနီးခ္ဍ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရ

ရှေဘိုမြို့ အမှတ်(၆)ရပ်ကွက် ကားကြီးဝင်းအနီးခ္ဍ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

ဦးဝင်းငွေ (သေဆုံး)

ကျော်ဝင်းနိုင် (ဒဏ်ရာရ)

ဦးအောင်ဇော်ဦး (ဒဏ်ရာရ)

ဦးဇော်မင်းထွန်း (ဒဏ်ရာရ)

မိုးလွင်ဦး (ဒဏ်ရာရ)

ဦးသူရဇော် (ဒဏ်ရာရ)

ဦးစန်းမြင့်နိုင် (ဒဏ်ရာရ)

အောင်ဇေယျာဖြိုး(ဒဏ်ရာရ)

ဒေါ်ဝါဝါဝင်း (ဒဏ်ရာရ)

မပိုးအိဖြူ(ဒဏ်ရာရ)

ဒေါ်နွယ်နွယ်ဝင်း (ဒဏ်ရာရ)

ဒေါ်ခိုင်ဇင်မိုး (ဒဏ်ရာရ)

မစုမြတ်ဝေ (ဒဏ်ရာရ)

နေပြည်တော် မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရှေဘိုမြို့ အမှတ်(၆)ရပ်ကွက်ရှိ ကားကြီးဝင်းအနီးခ္ဍ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

သေဆုံးခဲ့ရ

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ကားကြီးကွင်းအနီး လမ်းမပေါ်တွင် လှုပ်ရှားသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ရပြီး အသက်လေးနှစ် အရွယ်နှင့် အသက် ၁၁ နှစ်အရွယ်ကလေးငယ် နှစ်ဦး အပါအဝင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဆေးကုသမှုခံယူ

အဆိုပါမိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

ထိုသို့ ဆေးကုသပေးနေမှုများကို ရှေဘိုတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲခဲ့သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူ ခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ နေသူများဖြစ်ကြသည့် သန့်ဇင်ဦးနှင့် စန်းသီတာလွင်တို့သည် ၎င်းတို့ အသုံးပြုသည့် “Thant Zin Oo” Facebook အကောင့်၊ “San Thidar Lwin” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းရပ်ကွက်နေ သန့်စင်ထွန်းသည် ၎င်းအသုံးပြုသည့် “Thant Sin Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျွဲတောအင်းကျေးရွာနေ ဟိန်းစည်သူရှိန်(ခ)စည်သူ(ခ) စည်သူရှိန်သည် ၎င်းအသုံးပြုသည့် “Sithu Shein” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆားလင်းကုန်း ကျေးရွာနေသူများဖြစ်ကြသည့် မောင်မောင်ဖြိုးနှင့် ဝေလင်းထွန်း(ခ)Fire တို့သည် ၎င်းတို့အသုံးပြုသည့် “Mg Mg Phyo” Facebook အကောင့်၊ “Wai Linn Htun” Facebook အကောင့်နှင့် အောင်လံမြို့နယ် ဘင်ဟုန်ကျေးရွာနေ ဖိုးတဆစ်(ခ)ဖိုးဇော်သည် ၎င်းအသုံးပြုသည့် “Phoe Zaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

မှားမှန်းသိရင် ပြင်လိုက်မယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(၈-၃-၂၀၂၃ ရက်နေ့မှအဆက်)

"ဟယ်... မာရ်နတ်၊ အကျိုးမရှိ အချည်းနီး မှားတဲ့အကျင့်ကို မှားမှန်းသိတဲ့အတွက် အဲဒီအမှား အကျင့်ကို ပယ်ရမယ်၊ ရှောင်ရမယ်၊ ဒါမှလည်း အမှန်အကျင့်ကိုကျင့်ဖြစ်မယ်၊ အမှန်လမ်းပေါ် ရောက်မယ်၊ ဒါမှလည်း လွတ်မြောက်တယ်... လို့ ပြောပါတယ်"

"ဒါကတော့ ဟုတ်တာပေါ့ဘုရား၊ မှားတဲ့ အကျင့်မှန်းသိရင် ပြင်လိုက်ရမှာပေါ့"

"တကယ်လား ဒကာမကြီး"

"တကယ်ပေါ့ဘုရား"

"ဘုရားရှင်ပြောတဲ့စကားမို့လို့ ထောက်ခံတာ လား"

"ဘုရားရှင်စကားဖြစ်လို့ မှန်တယ်လို့ယုံတာက တစ်ပိုင်း၊ မှားတဲ့အကျင့်မှန်းသိရင်တော့ ပြင်ရမှာ ပေါ့ဘုရား၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"အဲဒီနေရာမှာ ဘုရားရှင်က မာရ်နတ်နားလည် အောင် ပြောလိုက်တဲ့ဥပမာလေးက တကယ်ကို ကောင်းပါတယ်၊ဦးပဉ္စင်းတော့ အလွန်ကိုပဲသဘော ကျမိပါတယ်"

"မှန်လှပါဘုရား၊ တပည့်တော်လည်း သိချင် ပါတယ်ဘုရား"

"အင်း... ဟုတ်ပြီ၊ ပြောပါမယ်၊ မာရ်နတ်က လာပြီးတော့ ဘုရားရှင်ကို အဲဒီလိုပြောတော့၊ ဒီဒုက္ကရစရိယာအကျင့်ကြီးကို ဖယ်ခွာပြီး ကျင့်လို့ ကတော့ စင်ကြယ်မှုကိုမရနိုင်ဘူးပေါ့လေ၊ မဂ်လမ်း ကြောင်းပေါ်ကို မရောက်နိုင်ဘူးလို့ပြောတာပေါ့"

"အဲဒီတော့ ဘုရားရှင်က'မာရ်နတ်' ရွှေငွေ ဥစ္စာရတနာပစ္စည်းတွေ၊ အလိုရှိရာပစ္စည်းတွေကို လှေတစ်စင်းပေါ်မှာတင်၊ လှေဝမ်းနဲ့အပြည့် လှေကနိုင်သမျှ ရတနာပစ္စည်းတွေ အပြည့်တင် ပေးထားတယ်။ အဲဒီလှေကလည်း တစ်ယောက် တည်း လှော်ခတ်ပြီးသွားရင်လည်း လိုရာအရပ်က လှော်သွားနိုင်ပါတယ်၊ လှော်ခတ်စရာ လှော်တက် ကလည်း အဆင်သင့်ပါပဲ၊ ပေါ့ပေါ့ပါးပါး

ကောင်းလည်းကောင်းပါတယ်"

"မှန်လှပါဘုရား"

"အဲဒီတော့ ရွှေငွေဥစ္စာပစ္စည်းတွေကို ယူပြီး အလိုရှိရာအရပ်ကိုသွား၊ ချမ်းသာစွာနေထိုင်လိုသူ တစ်ယောက်က လှေပေါ်တက်ပြီး လှော်တက်ကိုကိုင်၊ အားရပါးရလှော်ခတ်ပါတယ်၊ ကြိုးကြိုးစားစား လှော်ခတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလှေဟာ တစ်လက်မ လေးတောင်မရွှေ့ပါဘူးတဲ့"

"ဟာ ... လှော်လျက်သားနဲ့ မရွှေ့ဘူးဆိုတော့ လှေကိုကြိုးချည်ထားတာ မဖြုတ်လို့နေမှာပေါ့ဘုရား"

"ဒကာမကြီးက ဉာဏ်ကောင်းသားပဲ၊လှေဆိုတာ ရပ်နေရင် လှေဦးနဲ့ ဦးဘက်ကတိုင်၊ လှေနောက်မြီးနဲ့ နောက်ဘက်ကတိုင်ကို ကြိုးနဲ့ချည်ထားစမြဲပဲလေ၊ ဟုတ်တာပေါ့။ လှေကိုကြိုးချည်ထားရင် လှော်နေပေ မယ့် ဘယ်ရွှေ့မလဲ"

"ဟုတ်တယ်လေဘုရား၊ အရှင်ဘုရားဟောထား တဲ့ တရားခွေထဲမှာ ဒိဋ္ဌိအကြောင်း၊ သက္ကာယတို့၊ သဿတနဲ့ ဥစ္ဆေဒတို့ပြောတော့ လှေလှော်ပေမယ့် ကြိုးမဖြေမိတော့ လှေမရွှေ့ဘူးဆိုတာလေဘုရား"

"ဒကာမကြီးက တရားနာတာ မှတ်မှတ်သားသား ရှိသားပဲ၊ ဒါကြောင့်ကြိုးမဖြေရင် လှေမရွှေ့ဘူးလို့ ပြောတာကိုး"

"မှန်လှပါဘုရား"

"အင်း ... အခုတစ်ခါ ဘုရားရှင်မိန့်တော်မူတဲ့ ဥပမာက လှေကို လိုရာလှော်တယ်၊ လှော်တက် လည်းကောင်းတယ်၊ လှော်လည်းလှော်နိုင်တယ်၊ ရှေ့ကြိုးနောက်ကြိုးတွေနဲ့လည်း လှေကိုမချည်ဘူး၊ ဖြေထားတယ်တဲ့၊ ဒါပေမဲ့ တစ်ရွှေ့မျှတောင် မရွှေ့ပါဘူးတဲ့"

"ဩော်... ဟုတ်သလားဘုရား"

"ဟုတ်တယ်ဒကာကြီး၊ ဘာလို့လှေက မရွှေ့တာ လဲဆိုရင် အဲဒီလှေဟာ ရေပေါ်မှာ၊ မြစ်ချောင်းထဲ၊ ပင်လယ်သမုဒ္ဒရာထဲ ရေပေါ်မှာ ရှိနေတာမဟုတ်ဘဲ ကုန်းပေါ်မှာ၊ မြေပြင်ကြည်းကုန်းပေါ်မှာ တင်ထားတဲ့ လှေဖြစ်နေလို့ပဲတဲ့"

"အမယ်လေးဘုရား၊ စောစောကပဲ ပြောလိုက်ပါ တော့၊ မြေပေါ်တင်နေတဲ့လှေကို ဘယ်လိုလုပ် လှော်ခတ်လို့ရွှေ့ပါ့မလဲ၊ အရှင်ဘုရားကလည်း ပြောပဲ ပြောတတ်လွန်းတယ်"

"ဦးပဉ္စင်းက ပြောတတ်တာ မဟုတ်ပါဘူး၊ ဘုရား ရှင်က ပြောတတ်တော်မူလွန်းတာပါ၊ ဒီဥပမာဟာ ဘယ်လောက်ကောင်းလိုက်သလဲကြည့်"

"ဒါကတော့ မြေပြင်ကို ရေထင်ပြီး ကူးနေတာကို ဘုရား၊ ရွှေ့ချင်ရင် လှေကို ရေထဲချလိုက်ပေါ့၊ ဒီလှေ ရွှေ့ပြီပေါ့ဘုရား"

"ဟုတ်လိုက်လေ၊ ဒကာမကြီးက တယ်ပြီး ဉာဏ်ကောင်းတာပဲ၊ ဘုရားရှင်ကလည်း နိဗ္ဗာန် ရောက်အောင် မဂ္ဂင်လေကြီးကို လှော်ခတ်တဲ့နေရာမှာ ဒုက္ကရစရိယာဆိုတဲ့အကျင့်က မြေကြီး ကြည်းကုန်း ဖြစ်နေလို့တဲ့။ လှော်တယ်၊ မဂ္ဂင်လှေက မရွှေ့ဘူးတဲ့၊ ဒါကြောင့် အဲဒီအကျင့်မှားကို မြေပြင်ကြည်းကုန်းကို ကျော်ခိုင်းပြီး မဏ္ဍိမပဋိပဒါရေပြင်မှာပဲ မဂ္ဂင်လှေကြီး ကို လှော်ခတ်ပါတယ်။ လှော်ခတ်လို့လည်း နိဗ္ဗာန်ကို ရောက်တယ်၊ ဘုရားအဖြစ်ကိုရတာပါတဲ့"

"ဩော်...ကောင်းလိုက်တဲ့တရားပါဘုရား၊ ဘုရား ရှင်တောင် မှားခဲ့သေးတာပဲ၊ မှားမှန်းသိတော့ ပြင်လိုက်လို့၊ ပြင်လိုက်တော့ကောင်းသွား၊ အကျိုးရှိ သွားတာပေါ့၊ ဟုတ်တယ်နော်ဘုရား"

"သာဓုပါ ဒကာမကြီး၊ သာဓုပါ၊ စောစော က ဒကာမကြီးပြောခဲ့တဲ့စကားထဲမှာ နိဗ္ဗိန္ဒဉာဏ် ရတယ်၊ ငြီးငွေ့တယ်လို့ ပြောခဲ့တယ်နော်"

"ဟာ... ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့စကားကို သေသေချာချာမှတ်မိ တာပဲ။ ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်၊ ငြီးငွေ့ တဲ့ နိဗ္ဗိန္ဒဉာဏ်ရတာပါဘုရား"

"ကဲ ... ဒီလိုဆိုရင် မေးကြည့်ချင်ပါသေးတယ်"

"မေးပါဘုရား"

"ဒကာမကြီးက ငြီးငွေ့တဲ့စိတ်တွေဖြစ်နေ တယ်၊ ပိုပြီးဖြစ်လာတယ်ဆိုတာ တွေ့ကြုံသမျှ အာရုံတွေကို ငြီးငွေ့တာလား ဒါမှမဟုတ် တွေ့ကြုံ သမျှတွေကိုရော၊ ပြောရဆိုရလုပ်ရတာတွေကိုရော တရားအလုပ် အားထုတ်နေရတာတွေကိုရော ဘာမဆိုငြီးငွေ့တာပဲလား"

"ဟာ...ဟုတ်တယ်ဘုရား၊ အခုအရှင်ဘုရား ပြောမှပဲ တပည့်တော်ရဲ့အကြောင်း တပည့်တော် က ပိုပြီးသိလာတော့တယ်။ တွေ့ကြုံသမျှတွေကို ရော၊ လုပ်နေကိုင်နေရတာတွေကိုရော၊ တရား အားထုတ်နေရတာတွေကိုရော အကုန်လုံးကိုပဲ ဘာမဆိုကိုပဲ ငြီးငွေ့နေတာပါဘုရား၊ ဒီလိုဖြစ်နေ တာ ကြာလှပါပြီ။ တကယ်ပါဘုရား"

"အင်း ... ဟုတ်ပြီ ဟုတ်ပြီ၊ ဒကာမကြီးရဲ့စိတ် အခြေအနေကို အားထုတ်လို့ဖြစ်နေတဲ့အသိကို ဦးပဉ္စင်းတို့က ဒကာမကြီးပြောပြသလောက်ပဲ သိရတာပေါ့၊ ကိုယ်ကတော့သူများအကြောင်း ဘယ်မှာသေချာသိပါ့မလဲ"

"ဟုတ်တာပေါ့ ဒါကြောင့်လည်း တပည့်တော် က သေချာလျှောက်ပြတာပါဘုရား"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပါ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

ဝိရိယပါရမီ

ဝိရိယဟူသည်ကား ကြိုးစားအားထုတ်ခြင်း၊ မဆုတ်မနစ်ဖြင့် ဇွဲရှိရှိလုပ်ဆောင်ခြင်း၊ တစ်ခုခုကို လုပ်ဆောင်ရာတွင် မရပ်မနား ဆောင်ရွက်ခြင်းဟူ၍ အဓိပ္ပာယ်ဖော်ဆောင်သည်။ ဝိရိယသည် အလုပ် နှင့်ပတ်သက်သည့် စွမ်းရည်ပြသခြင်းလည်းဖြစ်သည်။

ဝိရိယတရားသည် ပညာကဲ့သို့ပင်။ ပညာသည်ကား ကောင်းမြတ် သောတရားချည်းသာဖြစ်သည်။

ဝိရိယက ကောင်းမှုဘက်တွင်လည်း ပါသကဲ့သို့ မကောင်းမှုဘက်၌ လည်းပါသည်။ ကောင်းမြတ်မှန်ကန်သည့်ဝိရိယကို သမ္မာဝါယာမဟု ခေါ်ပြီး ယုတ်ညံ့သောဝိရိယကို မိစ္ဆာဝါယာမဟုခေါ်သည်။

ဝိရိယပါရမီသည် သမ္မာဝါယာမတရားကိုသာ အားထုတ်ရမည် ဖြစ်သည်။ သမ္မာဝါယာမဖြစ်သောဝိရိယကို မပြည့်ပြည့်အောင် ဖြည့်ဆည်းပွားများရပေမည်။ ဝိရိယဖြစ်ကြောင်း (၁၁)ပါးရှိသည်။

၁။ အပါယ်ဘေးကို စဉ်းစားမိ၍ဖြစ်ခြင်း
၂။ ဝိရိယ၏အကျိုးအာနိသင်ကို ရှုမြင်လေ့ရှိခြင်း
၃။ သွားရာလမ်းကြောင်း ကောင်းစွာဆင်ခြင်ခြင်း
၄။ ဒါယကာတို့လျူဒါန်းသော ဆွမ်းကို ရိုသေခြင်း
၅။ ခံယူရမည့်အမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း
၆။ ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း
၇။ မိမိ၏မျိုးရိုး မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း
၈။ သီတင်းသုံးဖော်၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း
၉။ ပျင်းရိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း
၁၀။ ဝီရိယအားထုတ်မှုရှိသော ပုဂ္ဂိုလ်ကိုအမှီသဟဲပြုခြင်း
၁၁။ ဣရိယာပုတ်လေးပါး၌ ဝီရိယညွှတ်ကိုင်းသောစိတ်ရှိခြင်း ဟူ၍ဖြစ်သည်။

ဝီရိယသည် ကြောက်ရွံ့ထိတ်လန့်မှု၏ အခြေခံအကြောင်းတရား ဖြစ်သည်။ သံဝေဂသုံးပါးရှိရာ စိတ္တုတြာသသံဝေဂ၊ သြတ္တပသံဝေဂနှင့် ဉာဏသံဝေဂဟူ၍ဖြစ်သည်။

စိတ္တုတြာသ သံဝေဂဟူသည်မှာ ဆင်ဘေး၊ ကျားဘေး၊ လှံဘေးတို့ ကြောင့်ဖြစ်သောသံဝေဂဖြစ်သည်။ သြတ္တပသံဝေဂဟူသည် မကောင်းမှု ပြုလုပ်ရန် ကြောက်ရွံ့သောသံဝေဂဖြစ်သည်။ ဉာဏသံဝေဂဟူသည် အကျိုးအကြောင်းတို့ကို ကောင်းစွာဆင်ခြင်မြော်မြင်ကြောက်ရွံ့ခြင်း ဖြစ်သည်။ သံသရာဒုက္ခဘေးကို မြော်တွေးဆင်ခြင်ကြောက်ရွံ့လျှင် ထိုသံသရာဘေးမှ လွတ်မြောက်နိုင်ကြောင်းတရားကို ကောင်းစွာ အားထုတ်ပေမည်။ ဝီရိယ၏အခြေခံအကြောင်းရင်းကို ဖော်ပြရာတွင် "ပညာမတတ်လျှင် ငါဒုက္ခရောက်မည်"ဟု မြော်တွေးလျက် ဉာဏ သံဝေဂဖြစ်သောကျောင်းသားသည် စာကိုကြိုးစားသင်ယူသည်။ အလုပ် သမားသည် အလုပ်မကြိုးစားလျှင် "စားဝတ်နေရေး ကျပ်တည်းမည်"ဟု တွေးမိလျက် ဉာဏသံဝေဂဖြစ်သောအလုပ်သမားသည် အလုပ်ကြိုးစား တော့သည်။ ထိုကဲ့သို့ ဉာဏသံဝေဂရှိမှသာ ဝီရိယဖြစ်နိုင်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်သည်။ သံသရာတွင် ကျင်လည် နေရသဖြင့် ဤလေးမျိုးသောဆင်းရဲခြင်းကို ကြုံတွေ့ရမည်မှာ သေချာ သောကြောင့် ကြောက်မက်ဖွယ်ကောင်းသည်။ ဆင်းရဲခြင်းလည်းရှိလေ သည်။ ယင်းဒုက္ခဆင်းရဲမှ လွတ်မြောက်နိုင်ရေး မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေ ရန် ရည်မှန်းကြိုးစားတော့သည်။ ဝီရိယအားစိုက်ထုတ်တော့သည်။ ယင်းမှာ ဉာဏသံဝေဂမှဖြစ်လာသော ဝီရိယပါရမီဖြစ်ပေသည်။

မဟာဇနကဇာတ်တော်တွင် ဇနကမင်းသားသည် ကုန်စည်ကူးသန်း ရောင်းဝယ်ရန် ပင်လယ်ခရီးထွက်၏။ ကြီးပွားချမ်းသာရန်အတွက် အားထုတ်ခြင်းပင်။ သို့သော် သင်္ဘောပျက်ပြီး ပင်လယ်ထဲတွင် ခုနစ်ရက် ကာလပတ်လုံး မလျှော့သောဇွဲလုံ့လတို့ဖြင့် ပင်လယ်ပြင်ကို ဆန့်ကျင် လျက် ကူးခပ်ရှင်သန်နေသည်။

"ငါသည် သေမှသာ လုံ့လလျှော့မည်၊ မသေသေးသရွေ့ အားထုတ်မှု ကို ဘယ်တော့မှမလျှော့ဘူးဟေ့"ဟု မဟာဇနကမင်းသားသည် ဇွဲကို တင်းလျက် ကြုံးဝါးလိုက်သည်။

ဤသို့ ပင်လယ်ပြင်ကို ဖြတ်ကူးရခြင်းမှာ ကုသိုလ်ရေးကို ရည်ရွယ် သည်မဟုတ်။ ဒါန၊ သီလ၊ ဘာဝနာကိစ္စလည်း မဟုတ်။ ကုသိုလ်ရေးအထူး မဖြစ်နိုင်သကဲ့သို့ အကုသိုလ်တရားလည်း ဖြစ်ပွားမည်မဟုတ်တန်ရာ။ သို့ဖြစ်၍ အကုသိုလ်ကင်းစင်သဖြင့် ဝီရိယပါရမီဟုသာ မှတ်ယူရပေမည်။

ကောင်းမှုဘက်သို့ယိမ်းပြီး ကုသိုလ်ရေးမပါသော ဝီရိယပါရမီကို လည်း မြတ်စွာဘုရားရှင်က လိုလားနှစ်သက်သည်။ နိဗ္ဗာန်ချမ်းသာသည် အမြတ်ဆုံးချမ်းသာဖြစ်သဖြင့် နိဗ္ဗာန်ရောက်ရန် ကြိုးစားရမည်။ ထိုသို့ ကြိုးစားရာတွင် ပျင်းရိမှုမရှိဘဲ ပန်းတိုင်အရောက် ကြိုးပမ်းအားထုတ်ရန် လောကနီတိဆရာတို့က လမ်းညွှန်ပြသသည်။ ဝီရိယမရှိက ဘယ်အရာ မျှမရနိုင်။ ထို့ကြောင့် လိုအပ်သော အားထုတ်မှုအဆင့်ဆင့်ရှိရခြင်းသည် ဝီရိယရှိခြင်းပင်ဖြစ်ပေတော့သည်။ ။

ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၆)

ဦးမင်းဟန်(ဘီအေ)

အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် ဘိုးလေးကြွက်က နှုတ်မှ တတွတ်တွတ်နှင့် အရပ်ရှစ်မျက်နှာသို့ မျက်နှာမူကာ မေတ္တာပို့နေသည်။ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်သို့ ရောက်လာကြရာမှ ရပ်ကြည့်နေကြသည်။

“မြေးတို့ လာလာ၊ ထိုင်ကြ၊ ထိုင်ကြ”

ဘိုးလေးကြွက်က ပြောပြောဆိုဆို သူကိုယ်တိုင်လည်း ဝင်ထိုင်လိုက်သည်။ ထိုအခါမှာ မောင်ထူးတို့သုံးဦးလည်း ဝင်ထိုင်ကြတော့သည်။

“ဒီနေ့တော့ မြေးတို့အတွက် ပြောင်းဖူးပြုတ်တွေ ဘိုးလေးအိမ်ကပြင်ဆင်ပေးလိုက်တယ်၊ စားကြပါဦး”

ဘိုးလေးကြွက်က ပြောင်းဖူးပန်းကန်ကို ဖွင့်လိုက်ရာ အငွေ့တထောင်းထောင်းနှင့် ပြောင်းဖူးပြုတ်ရနံ့က မောင်ထူးတို့သုံးဦးကို သွားရည်ယိုစေတော့သည်။

“မွေးနေတာပဲနော် ဘိုးလေး”

“ဟဲ့မောင်ထူး၊ နင်ကလည်း ပြောင်းဖူးဆိုလည်းရှေ့ဆုံးကပဲနော်၊ မပြော၊ မပြောလိုက်ချင်ဘူး” မောင်ထူးက ပြောရင်းဖြင့် ပြောင်းဖူးပန်းကန်ဆီသို့ လက်လှမ်းလိုက်စဉ် ပူစူးမက ဝင်ဟန့်လိုက်သည်။

“စားကြပေါ့၊ စားကြလေ။ ဒါနဲ့ ပြောင်းဖူးပြုတ်အခွံကို မခွာခင်ရော၊ ခွာပြီးရင်ရော အရင်ဦးဆုံး လက်နှစ်ဖက်ကို ရေနဲ့ဆေးကြဦးနော်”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“စားစရာရှိတာစားကြ၊ လုပ်စရာရှိတာလည်း လုပ်ကြပေါ့။ လုပ်စရာရှိတယ်ဆိုတာ မိမိဆောင်ရွက်ရမယ့်တာဝန်ဝတ္တရားတွေကို ပြီးစီးအောင် လုပ်ကိုင်ရမယ်။ မည်သည်ညူရဘူးလို့ ပြောတာ”

ဘိုးလေးကြွက်ပြောသမျှကို မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးက အသင့်ပါလာသည့် မှတ်စုစာအုပ်အသီးသီးတွင် လိုက်လံရေးမှတ်နေကြသည်။ စကားအဆုံးမှာ ဘိုးလေးကြွက်က ရေနွေးကြမ်းပြည့်ပြည့် တစ်ခွက်ကို တစ်ကျိုက်တည်းမော့သောက်လိုက်သည်။

“ဟုတ်ကဲ့ပါဘိုးလေး၊ မြေးတို့လိုက်နာပါ့မယ်။ မြေးတို့အတွက်ကတော့ မှတ်သားစရာတွေချည်းပါပဲ”

“ခုချိန်က မြေးတို့ အတန်းတင်အရည်အချင်းစစ်ဆေးတဲ့ စာမေးပွဲတွေပြီးပြီပဲ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုချိန်ဖြစ်နေပြီလေ။ မြေးတို့ဖြေခဲ့ကြတဲ့စာမေးပွဲမှာ ဘိုးလေးမှာကြားခဲ့တဲ့အတိုင်း လိုက်နာခဲ့ကြရဲ့လား။ မိမိရဲ့စာဖြေဆိုမှုတွေကို သူများကို မပြသရသလို မိမိကလည်း သူများတွေကို မမေးရဘူး။ နောက်ပြီး မသမာတဲ့နည်းတွေနဲ့ အချင်းချင်းအပြန်အလှန်ကူးချရေးတာ၊ စာကူးပေးတာမျိုးတွေ မလုပ်ရဘူးဆိုတာလေ။ အရိုးသားဆုံးနဲ့ ဂုဏ်သိက္ခာရှိရှိဖြေဆိုကြရမယ်လို့ ပြောခဲ့တာ မှတ်မိကြပါတယ်နော်”

“ဟုတ်ကဲ့ ဘိုးလေး။ မှတ်မိပါတယ်။ မြေးတို့အားလုံး ဘိုးလေးမှာကြားတဲ့အတိုင်း လိုက်နာခဲ့ကြပါတယ်”

“နောက်တစ်ခုစဉ်းစားမိတာလေးကို ပြောလိုက်ဦးမယ်။ မှတ်သားစရာတွေပါပဲ။ ဒီလိုနွေရာသီကျောင်းအားရက်တွေမှာ မိဘတွေကို ကူညီဝန်းရံပေးရမယ်။ မိဘတွေရဲ့အလုပ်တွေကို တတ်နိုင်တဲ့ဘက်ကနေ ကူညီကြရမယ်။ တစ်နိုင်တစ်ပိုင်ပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး”

မောင်ထူးတို့သုံးဦးမှာ မှတ်စုစာအုပ်ကိုယ်စီဖြင့် ရေးမှတ်နေကြပြန်သည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေရာမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

“ဆရာ ဆရာမတွေနဲ့ လမ်းမှာတွေ့တဲ့ကြုံတဲ့အခါ အရိုအသေပေးပြီး လေးစားသမှုနဲ့ နှုတ်ခွန်းဆက်ရမယ်။ ဆရာ ဆရာမတွေကို ဘာများ ကူညီပေးနိုင်မလဲဆိုတာ ကြည့်တတ်၊ မေးတတ်ရမယ်နော်”

“ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့မှတ်သားထားပါ့မယ်”

“ဘိုးလေးအနေနဲ့ အဓိကမှာချင်တာကတော့ နွေရာသီကျောင်းအားရက်တွေမှာ မြေးတို့အတွက် ဘယ်လိုတာဝန်တွေရှိသလဲ။ အိမ်မှုကိစ္စတာဝန်လား၊ မိဘလုပ်ငန်းကို ကူညီပေးရမယ့်တာဝန်လား၊ မိဘကတစ်ခုခုကို လုပ်ဆောင်ဖို့ တာဝန်ပေးထားသလား၊ နောက်တစ်ခုက ဘယ်သူကမှ တာဝန်မပေးပေမယ့် ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် အိမ်မှုကိစ္စတာဝန်တွေကို ယူထားသလား၊ ဘယ်လိုပဲတာဝန်တွေယူထားပါစေ ပြီးမြောက်အောင်လုပ်ဆောင်နိုင်ရမယ်။ မည်သည်းညူရဘူးကွယ့်။ လုပ်ငန်းကိုလည်း ပြီးစီးအောင်လုပ်ဆောင်ရမယ်။ လုပ်ငန်းမပြီးရင် သူတစ်ပါးကို အနှောင့်အယှက်ဖြစ်ရုံသာမကဘဲ မနှစ်မြို့တဲ့စိတ်ကို ဖြစ်ပေါ်စေတယ်။ ဒါကြောင့် မြေးတို့က အလိုက်တသိနဲ့ကူညီလုပ်ဆောင်ပေးနိုင်ရမယ်”

“ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့ကို လမ်းညွှန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘိုးလေးပြောမှ သတိရတော့တာပါ။ မိဘကို တတ်နိုင်တဲ့ဘက်ကနေ တာဝန်ယူကူညီပါတော့မယ်”

“သာဓုကွယ် သာဓု၊ သာဓု။ တာဝန်ကျေတဲ့သူတွေ ဖြစ်ကြပါစေ”။ ။

အကပ်ပျက်ပုံ

ကျွန်တော်တို့သည် ယခုအခါ၌ ဆွမ်းကျွေးကွမ်းကျွေးစသည် ရှိသည့်အခါမျိုးဝယ် သံဃာတော်မြတ်အား ဆွမ်းဘောဇဉ် အချိုအချဉ် စသည်တို့ကို အင်္ဂါငါးချက်နှင့်အညီ အကပ်မြောက်အောင် ကပ်တတ်ကြလေပြီ။ ရှေးအခါကလို ဘာမှန်းမသိ၊ ညာမှန်းမသိ၊ သူများ ကပ်မြောက်၍သာ ရမ်းဆ ကပ်ရသည့်အဖြစ်မျိုး မဟုတ်တော့ချေ။

ထိုနှင့်တစ်ဆက်တည်းမှာပင် နောက်ထပ်မှတ်သားထားရမည့်အချက်မှာ ကပ်ပြီးသားအစားအစာများ “ဘယ်လိုနည်းနှင့် အကပ်ပျက်နိုင်သည်” ပျက်တတ်သည်ဟူသော အချက်ပင်ဖြစ်သည်။ ရှေးဆရာတို့သည် အကပ်ပျက်နိုင်သည့် အကြောင်းငါးမျိုးကို ဝိနည်းတော်နှင့်အညီ အောက်ပါအတိုင်း လက်ဘီစိကုံးထားခဲ့ပေသည်။

အကပ်ပျက်သည့်အကြောင်းခြောက်မျိုး-

“စွန့် ချ ပေး လု၊ မစ္စု လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။”

ဤလက်ဘီပါ အဓိပ္ပာယ်ဆိုလိုချက်မှာ ဤသို့ဖြစ်လေသည်

၁။ စွန့်- ဟူသည် အကပ်ခံရဟန်းက အကပ်ခံအပ်ပြီးသောအစားအစာကို “မိမိမစားတော့အုံ” ဟု အာလယပြတ်၊ အင့်အကွက်မရှိဘဲ စွန့်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်သည်။
(ဤ၌ လက်ကလွတ်မှ အကပ်ပျက်သည်။)

၂။ ချ-ဟူသည် အကပ်ခံပြီး ရဟန်းက လူထွက်ဖို့ သိက္ခာချလိုက်ခြင်းကြောင့်လည်း အကပ်ပျက်သည်။

၃။ ပေး- ဟူသည် သူတစ်ပါးအား ပေးလိုက်ခြင်းကြောင့်လည်း အကပ်ပျက်သည်။
(ဤ၌လည်း အကပ်ခံထားသည့် အစားအစာကို ပါးစပ်က “ရော့-စားလော့”ဟု ဆိုပြီး လက်က မလွှတ်သေးက အကပ်မပျက်သေးပါ။ လက်က လွှတ်လိုက်ပါမှ အကပ်ပျက်သည်။)

၄။ လု- ဟူသည် လူ စသူတို့က အတင်းရောအဓမ္မရောဆိုသလို လုယူသွားသောကြောင့်လည်း အကပ်ပျက်သည်။

၅။ မစ္စု- ဟူသည် အကပ်ခံရဟန်း သေဆုံး(ပျံလွန်တော်မူ) သွားခြင်းကြောင့်လည်း အကပ် ပျက်သည်။

၆။ လိင်ပြန်- ဟူသည် အကပ်ခံရဟန်း ယောက်ျားအဖြစ်မှ မိန်းမအဖြစ်သို့ လိင် ပြောင်းသွားခြင်းကြောင့်လည်း အကပ်ပျက်လေသည်။

ယခုဖော်ပြပါ အကြောင်းခြောက်မျိုးအနက် တစ်မျိုးမျိုးကြောင့်သာ ကပ်ပြီးသား ဆွမ်းစသော ပစ္စည်းများ အကပ်ပျက်လေသည်။ ဤ၌လည်း တစ်ပါးပိုင် အစာအာဟာရကိုဆိုလိုသည်။ အကယ်၍ နှစ်ပါး၊ သုံးပါး စသည်တို့ကို ကပ်ထားရာ၌ တစ်ပါးပါးက စွန့်ရုံနှင့် အကပ်မပျက်ပါ။

အကပ်မပျက်မှန်း သိနိုင်

ယခုအခါ အချို့နေရာများ၌ ပထမလူက ဆွမ်းပွဲကပ်ထားသည်ကို ကပ်ထားမှန်းမသိ၍ နောက်လူက ထိမိကိုင်မိရာ၌လည်းကောင်း၊ ရဟန်းတို့ ဆွမ်းဘုဉ်းပေးနေစဉ် ဆွမ်းဝိုင်းကို ထိမိကိုင်မိရာ၌လည်းကောင်း အချို့က အကပ်ပျက်သည်ထင်ပြီး ‘ဟဲ့- ကပ်ပြီးသား သွားမကိုင်နဲ့၊ အကပ်ပျက်တယ်’ ဟုဆိုတတ်ကြသည်။ အမှန်မှာ အထက်ပါအကပ်ပျက်ကြောင်းကို နားလည်ထားမည်ဆိုပါက အကပ်မပျက်မှန်း သိနိုင်ပေသည်။

အချို့ဝိနည်းကျွမ်းကျင်သည့် ဆရာတော်များ ဆိုက မိမိဘုဉ်းပေးမည့်အစားအစာကို တစ်ယောက်ယောက်ကို အကပ်ခိုင်းပြီး ‘ငါ့ စားပွဲပေါ်ထားခဲ့’ ဟု ခိုင်းပြီးနောက် ‘မိမိဘုဉ်းပေးလိုသည့် အခါကျမှသာ ထိုအစားအစာကို နောက်ထပ်အကပ်မခံဘဲ ဘုဉ်းပေးကြလေသည်။

ဤသည်မှာ အထက်လက်ဘီပါ စွန့်မှု၊ ပေးမှု၊ လုယူမှု စသည့်တစ်ခုခုမှမဟုတ်ဘဲ ထားရုံသာ ထားခိုင်း၍ အကပ်မပျက်ခြင်းဖြစ်သည်။ ဝိနည်းကံကိစ္စဟူသည် အလွန်ကျယ်ဝန်းပေသည်။ သို့သော် အကြမ်းဖျင်းလောက်သိထား၊ နားလည်ထားမည် ဆိုပါက ဆရာဒကာဆက်ဆံရေး အစဉ်ချောမွေ့နေမည်။ ။

ပေါင်းသင်းဆက်ဆံရေး

မင်္ဂလာ (၃)ပါး

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး
မြော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန်ဦးထွန်းမြင့်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၇-၃-၂၀၂၃ ရက်မှအဆက်

သူသည် ရန်ကုန်ကရောက်သည့် နေ့မှစ၍အဖေဦးဖိုးခအားလည်းကောင်း၊ ဦးစံကျော်အားလည်းကောင်း၊ အခြားတဲနီးချင်း ထန်းတက်သမားများအားလည်းကောင်း၊ ရွာထဲရှိ ထန်းသမားများအားလည်းကောင်း တစ်ဦးချင်းတစ်ဦးချင်း သွားရောက်တွေ့ဆုံဆွေးနွေးကာ စုပေါင်း၍ ထန်းတက်ကြရန် ပြောပြလေသည်။ အချို့က သဘောကျသော်လည်း အချို့ကမူ မဖြစ်နိုင်သောကိစ္စပါဟု ဆိုကာ သဘောမကျချေ။ ထိုကြောင့်လည်း ကိုအေးဆွေသည် စုပေါင်းထန်းလျက်ထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ပြဿနာများကို အားလုံးဆွေးနွေးနိုင်ရန်အတွက် ဆရာကြီးဦးလှဒင်ကို ထန်းသမားများနှင့် တွေ့ဆုံပေးနေခြင်း ဖြစ်လေသည်။

ထို့နောက် ကိုအေးဆွေသည် စုရုံးရောက်ရှိလာသော လူများဘက်သို့ လှည့်လိုက်ကာ တစ်ဦးပြီးတစ်ဦး ဆရာကြီး ဦးလှဒင်နှင့် မိတ်ဆက်ပေးနေတော့၏။

"ဒါကတော့ ကျွန်တော့် အဖေပါ။ ရင်းနှီးပြီးမို့ အထူးမိတ်ဆက်စရာ မလိုပါဘူး။ ဟော၊ သူက ဦးစံကျော်ပါ။ သူက ဦးထွန်းဖေပါ။ သူက ဦးမာပါ။ သူက ကိုဖိုးလုံး။ သူက ကိုစံအေး။ သူက ကိုမောင်ပု။ သူက ကိုဆယ်ရင်" စသည်ဖြင့် ကိုအေးဆွေသည် ရောက်လာသည့် ထန်းသမား ၂၀ ခန့်နှင့် တစ်ယောက်စီ မိတ်ဆက်ပေးလေသည်။

"ဆရာကြီး၊ အခု ရောက်လာတဲ့လူတွေဟာ အားလုံး ထန်းတက်သမားချည်းပါပဲ။ ကိုယ်ပိုင် ထန်းလေးတက်နေတဲ့ ဦးမာကလွဲရင် အားလုံး လူတွေဟာ ထန်းစုပေး၊ ထန်းလှည့်ဘက်နဲ့ တက်ရတဲ့သူတွေချည်းပါ။ သူတို့ကို ကျွန်တော် အတော်အတန်တော့ ပြောပြထားပြီးပါပြီ။ ဒါပေမဲ့ တချို့ သူတို့မေးတဲ့ကိစ္စတွေကျတော့ ကျွန်တော် ပြန်မဖြေနိုင်ဘူး။ အဲဒါ ဆရာကြီးက အသေးစိတ်ရှင်းပြပေးစေလိုပါတယ် ဆရာကြီး"

တစ်ဖန် ကိုအေးဆွေသည် ထန်းသမားကြီးများဘက်သို့ လှည့်လိုက်ကာ-

"အခု ဒီမှာ ရောက်လာတဲ့ ဦးလေးတို့ကလည်း ဦးလေးတို့ မရှင်းတဲ့ကိစ္စမှန်သမျှကို အားမနာတမ်း မေးကြပါ။ ဘာမှ ငွဲ့ကွက် အားနာနေစရာ မလိုဘူး။ ဦးလေးတို့ သဘောပေါက်မှ စုပေါင်းလုပ်ငန်းက လုပ်ဖြစ်မယ်မဟုတ်လား"

ထိုအခိုက် "လာ လာ၊ အရီးထွန်းဘော်" ဟု ဦးဖိုးခ၏ ပြောလိုက်သံကြားရသဖြင့် ကိုအေးဆွေသည် နောက်သို့လှည့်ကြည့်လိုက်၏။

"သြော်၊ ဘကြီးထွန်းဘော်ပါလား။ ကြွပါ။ ကြွပါ။ ဒီရှေ့ကို" ဟု ကိုအေးဆွေက ပျာပျာသလဲ ဖိတ်ခေါ်၍ နေရာထိုင်ခင်းပေးလေသည်။

"မင်းတို့ စည်းဝေးတာက စနေပလားကွ။ ညနေက မင်းတို့အမေနဲ့ ရွာထဲမှာ တွေ့တာနဲ့ မင်းအကြောင်းမေးတော့ မင်း ရန်ကုန်က ပြန်လာတဲ့အကြောင်း၊ ဒီနေ့ည ထန်းစုပေါင်းလုပ်ဖို့ စုဝေးတိုင်ပင်ကြမယ်ဆိုတဲ့အကြောင်း ပြောသွားလို့ ဘယ်လိုဟာမျိုးလဲလို့ နားထောင်ချင်တာနဲ့ ငါလည်း ရောက်သခိုက်မို့ ထလာခဲ့တာပဲကွ"

ဘကြီးထွန်းဘော်က ရောက်မဆိုက် ပြောလိုက်၏။

"က၊ ဘကြီးထွန်းဘော်၊ ကွမ်းသုံးဆောင်ပါဦး" ဟု ဆိုကာ ကိုအေးဆွေက ကွမ်းအစ်ကို ဘကြီးထွန်းဘော်ရှေ့သို့ ထိုးပေးလိုက်၏။

ညဦးလေသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိသည်။ တစ်ခါတစ်ရံ လေကပြင်းပြင်းတိုက်လိုက်လျှင် သံခွက်မီးတိုင်ရှည်မှ မီးတောက်ကလေးသည် တဝှစ်ဝှစ်မြည်နေသည်။ ကျပန်မှန်အိမ်မီးခွက်မှ မီးတောက်သည်လည်း တစ်ခါတစ်ရံ ငြိမ်းလုမတတ် ဖြစ်၍သွားသည်။

တကယ်တော့ ကိုအေးဆွေသည် ယခုလို စုပေါင်းထန်းလုပ်ငန်းအတွက် ဆွေးနွေးရန်မှာ နေ့လယ်နေ့ခင်း မြင်မြင်ထင်ထင်၌ ပြုလုပ်ချင်သော်လည်း အလုပ်သမားများ ဖြစ်ကြသဖြင့် မအားမလပ်ကြချေ။ ယခုကဲ့သို့ ညပိုင်းကျမှသာ အားလုံး အားလပ်ကြသဖြင့် ဆရာကြီး ဦးလှဒင်အား ညအိပ်ပြီး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရပေသည်။

"ဆရာကြီး၊ ဟောဒါ စပယ်ပင်ရွာက ဒီရွာကို အလည်အပတ်ရောက်လာတဲ့ ထန်းတက်သမားဟောင်းကြီး ဘကြီးထွန်းဘော်ပါခင်ဗျာ"

ကိုအေးဆွေသည် ဆရာကြီးဦးလှဒင်နှင့် ဘကြီးထွန်းဘော်တို့အား တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျုပ်လည်း တစ်ချိန်တုန်းကတော့ ထန်းတက်သမားကြီးပေါ့။ ခုတော့ အသက်ကလည်း ခြောက်ဆယ်ကျော်လာတော့ သားများ ချွေးမများက မတက်ပါနဲ့တော့လို့ပြောတာနဲ့ ခုတော့ အင်ြမ်းစား ထန်းသမားကြီးပေါ့ဗျာ။ ကျုပ်အနေနဲ့တော့ ခုခေတ်လူငယ်လေးတွေနဲ့ ယှဉ်ပြိုင်ပြီး တက်လိုက်ချင်သေးသပ"

ဘကြီးထွန်းဘော်သည် ဘာမဆို ရှင်းရှင်းဘွင်းဘွင်း ပြောတတ်သည့် ဓလေ့အတိုင်း သူ့စကားကို သောလုံးလေးညှပ်ကာ ပြောလိုက်၏။ တကယ်တော့ သူသည် အသက်ပင်ကြီးလာပြီ ဖြစ်သော်လည်း သန်တုန်း မြန်တုန်း ရှိသေးသည်။

"က်ဲ ကဲ၊ မောင်အေးဆွေတို့ ပြောမယ့်ဟာသာ ဆက်ပြောကြပါ။ ထန်းတွေကို အများဘုံဆိုင်လုပ်ပြီး တက်မယ်ကြား ပြီးလျှင် ကိုအေးဆွေသည် ဆရာကြီး ဦးလှဒင်ဘက်သို့ လှည့်လိုက်ကာ -

"ကဲ ဆရာကြီး၊ အခြေခံသဘောက စပြီးသာ ရှင်းပြစေလိုပါတယ်။ ဒါမှ အားလုံးသဘောပေါက်သွားအောင်"

ဆရာကြီး ဦးလှဒင်သည် ကိုအေးဆွေ၏ စကားဆုံးလျှင်ပင် ချောင်းတစ်ချက် ဟန့်၍ နေရာပြင်ထိုင်လိုက်ပြီး တစ်လုံးချင်းပင် အခြေခံသဘောတရားများကို ရှင်းပြတော့သည်။

"ဒီနေ့ခေတ်ဟာ တောင်သူလယ်သမားတွေရဲ့ ခေတ်၊ အလုပ်သမားတွေရဲ့ ခေတ် ရောက်နေပြီဆိုတာ ခင်ဗျားတို့လည်း သိနေပြီပေါ့။ ဒီအကြောင်းတွေ ဆိုရင် သတင်းစာတွေ၊ ရေဒီယိုတွေက နေပြီး ရေးသားပြောဆိုနေကြတော့ ဘယ်သူမှတော့ မသိစရာအကြောင်း မရှိတော့ပါဘူး။ အဲဒီ တောင်သူလယ်သမား၊ အလုပ်သမားတွေထဲမှာ ခင်ဗျားတို့ ထန်းသမားတွေလည်း အပါအဝင်ပါ။ လယ်သမားတွေဟာ လူတွေရဲ့ အဓိက အာဟာရဖြစ်တဲ့ ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်ကြတယ်။ ယာသမားတွေကတော့ မြေပဲ၊ နှမ်း၊ လူး၊ ဆပ်၊ ပြောင်း၊ ပဲမျိုးစုံ စတဲ့ အာဟာရအတွက် သီးနှံပင်တွေနဲ့ အဝတ်ထည်အတွက် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်ကြတယ်။ တောင်သူတွေကျတော့ ဆေး၊ အာလူး၊ ဂျုတ်၊ ကြက်သွန် စတဲ့ အခြားလူစားသုံးကုန် အသီးအရွက်၊ သစ်မြစ်၊ သစ်ဥ သစ်ဖုတွေကို စိုက်ပျိုးကြတယ်။

"အဲ ဒီလိုပဲ။ ခင်ဗျားတို့ကလည်း ဒီနေ့ မြန်မာပြည်မှာရှိနေတဲ့ လူတန်းစား မရွေး၊ ကလေး လူကြီးမကျန် လူတိုင်းလို စားသုံးကြတဲ့ "ထန်းလျက်" ဆိုတဲ့ ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်လိုက်တဲ့ ထန်းအလုပ်သမားတွေ ဖြစ်တယ်ဆိုတာကို ပထမသဘောပေါက်ဖို့ လိုပါတယ်။

"ကျွန်တော်ဆိုလိုတာက ခင်ဗျားတို့ ထန်းအလုပ်သမားတွေဟာလည်း တခြား ကောက်ပဲသီးနှံထွက်ကုန်ပစ္စည်းတွေကို ထုတ်လုပ်လိုက်တဲ့ တောင်သူလယ်သမားတွေလို တိုင်းပြည်အတွက် ကုန်ထုတ်စွမ်းအားတွေကို တန်းတူရည်တူ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ "ထန်းအလုပ်သမား" တွေ ပါပဲလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

"ဒီနေရာမှာ ခင်ဗျားတို့ ထန်းသမားတွေဟာလည်း တခြားတောင်သူလယ်သမားတွေလို ကုန်ထုတ်စွမ်းအားတွေကို ဘယ်မျှအထိ ထုတ်လုပ်နိုင်စွမ်း ရှိခဲ့ဖူးတယ်ဆိုတာကို နှိုင်းယှဉ်ကြည့်နိုင်ဖို့ ကိုးကားချက် နမူနာတစ်ခုကို ကြည့်ကြရအောင်"

ထို့နောက် ဆရာကြီး ဦးလှဒင်သည် အသင့်ရေးမှတ်ယူလာသော နှိုင်းယှဉ်ချက် စာရင်းဇယားများကို ပီသပြတ်သားစွာဖြင့် ရှင်းပြလေသည်။

"အခု ကျွန်တော် နှိုင်းယှဉ်ရှင်းပြသွားတဲ့ အင်္ဂလိပ်ခေတ်ဟောင်း ဂျပန်ဝင်ခါနီး ၁၉၄၀၊ ၄၁ ခုနှစ်အတွက် စာရင်းဇယားထဲမှာဆိုရင် ခင်ဗျားတို့ ထန်းသမားတွေရဲ့ "ထန်းလျက်" ဆိုတဲ့ ကုန်ထုတ်စွမ်းအား တန်ဖိုးငွေဟာ ကျပ်ငွေ ငါးဆယ့်ခုနစ်သိန်းခွဲကျော်ဖိုး ရှိပါတယ်။ တခြား တောင်သူလယ်သမားတွေ ထုတ်လုပ်တဲ့ စပါးတစ်မျိုးကလွဲလို့ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုတ်၊ ကြက်သွန်၊ ဆေး တို့ရဲ့ ကုန်ထုတ်စွမ်းအား တန်ဖိုးငွေကို ကြည့်မယ်ဆိုရင်လည်း သိန်းခြောက်ဆယ်ကျော်ဖိုးကနေပြီး သိန်းရှစ်ဆယ်၊ ကိုးဆယ်ကျော်ဖိုးထိပဲ ထုတ်လုပ်နိုင်ကြပါတယ်။ သိပ်ပြီး ကွာခြားချက်မရှိလှပါဘူး။

"ဒီနေရာမှာ စိုက်ပျိုးတဲ့ ဇကအနေနဲ့ နှိုင်းယှဉ်ပြောရမယ်ဆိုရင် ကွာခြားနေပါတယ်။ ထန်းပင်စိုက်ပျိုးထားတဲ့ ဇက ပေါင်းက ခြောက်သောင်းကျော်ပဲ ရှိပါတယ်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုတ်၊ ကြက်သွန်၊ ဆေး စိုက်တဲ့ဇကများကို ကြည့်မယ်ဆိုရင် ဇကတစ်သိန်းကျော်ကနေပြီး ဇကလေးသိန်းကျော်ထိ စိုက်ပျိုးပြီးမှ ထုတ်လုပ်ကြခြင်းဖြစ်ပါတယ်။

"အကယ်၍များ ဇကတစ်သိန်းကျော်ကစိုက်ပျိုးထားတဲ့ထန်းပင်က "ထန်းလျက်" ကို ထုတ်လုပ်လိုက်ရမယ်ဆိုရင် တခြားကောက်ပဲသီးနှံ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုတ်၊ ကြက်သွန်၊ ဆေးတို့ထက် ကုန်ထုတ်စွမ်းအား တန်ဖိုးငွေဟာ တစ်ဆတိုးပြီး သိန်းတစ်ရာကျော်ဖိုးထိ ထွက်လာနိုင်စရာရှိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

၁၉၄၀-၄၁ နှုန်စ်အတွက် စိုက်ပျိုးပင်များ၏ ပျမ်းမျှ တလင်းတွင်း တန်ဖိုးငွေ

စိုက်ပျိုးပင်များ	ဧရိယာ ဇကပေါင်း	တစ်ဇကထွက် ပေါင်ချိန်	တန်ချိန်ပေါင်း	တစ်တန်၏ကျပ် တန်ဖိုးနှုန်း	တန်ဖိုးငွေ ကျပ်ပေါင်း	အကြောင်းအရာ
စပါး	၁၂,၅၀၈,၅၀၀	၁,၃၀၀	၇,၂၆၅,၂၀၀	၆၀	၃၄,၅၉,၁၂,၀၀၀	
ဆန်ဖြောင်း	၄၅၀,၀၀၀	၃၅၀	၇၁,၃၂၈	၄၀	၂၈,၁၃,၀၂၀	
စားတော်ပဲ	၂၉,၉၉၀	၄၀၀	၅,၃၅၅	၁၀၀	၅,၃၅,၅၀၀	
ကုလားပဲ	၂၅၇,၂၅၀	၃၅၀	၄၃,၀၀၈	၅၀	၂၁,၅၀,၄၀၀	
နှမ်း	၁,၀၆၇,၇၀၀	၁၅၀	၇၁,၄၉၈	၁၂၅	၈၉,၃၇,၂၅၀	
မြေပဲ	၇၈၀,၆၀၀	၇၅၀	၂၆၀,၃၆၂	၁၀၈	၂,၈၂,၂၇,၀၉၆	
ဝါဂွမ်း	၄၁၈,၂၅၀	၃၀၀	၅၆,၀၁၆	၁၁၂	၆၂,၇၃,၇၉၂	
ဂျုတ်သီး	၁၂၃,၃၀၀	၆၀၀	၃၃,၀၂၇	၃၀၀	၉၉,၀၈,၁၀၀	
ကြက်သွန်	၂၇,၄၀၀	ဝိဿာ ၁,၅၀၀	ဝိဿာ ၄၁,၁၀၀,၀၀၀	ဝိဿာ		
ဆေး	၁၃၃,၆၀၀	" ၂၅၀	" ၃၃,၄၀၀,၀၀၀	၁၀၀ လျှင် ၂၀	၈၂,၂၀,၀၀၀	
ဟင်းသီးဟင်းရွက်	၉၆,၉၀၀	တန် ၅	တန် ၄၈၄,၅၀၀	ဝိဿာ		
ကြံပင်	၃၂,၈၅၀		၂၉,၀၀၀	၁၀၀ လျှင် ၂၅	၈၃,၅၀,၀၀၀	ပျမ်းမျှတန်ဖိုး
ထန်းပင်	၆၁,၅၆၀			၂၀	၉၆,၉၀,၀၀၀	
				၃၀၀	၈၇,၀၀,၀၀၀	
				တစ်တန်လျှင် ၁၂၀		
		အားလုံးထန်းပင်ပေါင်း ၄,၈,၀၀၀		ဝိဿာ		(ထန်းလျက်ဖို
		၂,၃၅၀,၀၀၀	၃၀,၇၂၀,၀၀၀ ဝိဿာ	၁၀၀ လျှင် ၂၀	၅၇,၆၀,၀၀၀	တွင်း တန်ဖိုး)

စာပေဗိမာန်ထုတ် ဦးလှမောင် ပြုစုရေးသားသည့် "ပဒေသာပင်များ" စာအုပ်မှ ထုတ်နုတ်ကိုးကားပါသည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆု(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆု	၇၂၀	-
၂။	သာသနာ့ဗီမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၄၄ သိန်း	၄၀၈၅၆ သိန်း
၃။	သုမောဇရုပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၅	၁
၄။	ဂေါပကရုံး(၄၈×၂၄×၃၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊	၃၂၈၄. ၃၀	၁	-	၁
	အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း				
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၂ တိုင်	၇ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှမ်းစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၃ ခန်း	၃၆၂ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၄၄ ခု	၅၀၈ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျင်း	-	၇၅၇၆. ၃၅ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	-	၈၄၇၃ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၄၅ သိန်း	၁၇၃၈၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အတင်မှန်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂၀. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၃ ခု	-	၁၂၃ ခု
၂၁။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၁၅၉ စုံ	၃၄၁ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြီတင်လျှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၂၀၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပိဋကတ်ကျောက်စာမြေစေတီတော်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၀၁၉။	မေမှုဒူတဆရာတော်အရှင်ဆေကိန္ဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ ကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၀။	မြန်မာ့စီးပွားရေးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လိမ်ဝိတက်မိသားစု (မြေစေတီတော်-၁၀ ဆု)	၂၃၉၀၀၀၀၀၀
၄၀၂၁။	စကားဝါမြေဖောင်ဒေးရှင်းနာယက ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်ဦးလွင်၊ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ ဦးသိန်းထွန်း၊ ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း၊ ဦးမောင်မောင်ရှိန်၊ ဥက္ကဋ္ဌနှင့် အသင်းသူ/အသင်းသားများကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၂။	ဖခင် စဝ်ဆိုင်ပိုင်းမင်းရဲနှင့် မိခင် ဒေါ်မိမီခိုင်တို့အားရည်စူး၍ (သမီး)ဒေါက်တာရင်ရင်နွယ်နှင့် (မြေး)ကိုတိုးနေဝင်းကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၃။	မိဘ၊ ဆရာသမားများအား အမှူးထား၍ ဝဏ္ဏကျော်ထင် သိရိပုံ့ချီ ဦးသန်းဌေးနှင့် ဇနီး ဒေါ်စိုးဝတ်ရည် သား၊ သမီး၊ မြေး၊ မိသားစုကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၄။	နှစ်ဖက်မိဘများအားရည်စူး၍ ဦးမောင်မောင်တင့်နှင့်ဇနီး ဒေါ်အေးအေး၊ သားသမီးများဖြစ်ကြသော ဗိုလ်မှူးချုပ်တင်ဆွေနှင့်ဇနီး ဒေါ်မြမြတ်သင်း၊ ဦးမိုးကျော်စွာနှင့်ဇနီး ဒေါ်အိချိုသင်းနှင့်မြေးတစ်စုကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၅။	စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ်ကွပ်ကဲမှုအောက် ပင်မတပ်/တပ်ရင်း/တပ်ဖွဲ့နှင့် တပ်မတော်စက်ရုံများမိသားစုကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၆။	ဦးသက်လွင်ဦးဇနီး ဒေါ်မျိုးသူဇာအောင်၊ (သမီး)မသက်ရွှေနန်းထက်(ရွှေနန်းထက်စိန်ရွှေရတနာမိသားစု) (မြေစေတီတော်-၁ ဆု ပထမအကြိမ်)	၇၀၀၀၀၀
၄၀၂၇။	ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများစုပေါင်းကောင်းမှု (မြေစေတီတော်-၁ ဆု ပထမအကြိမ်)	၁၀၀၀၀၀၀
၄၀၂၈။	ကွယ်လွန်သွားကြသည့်မိဘနှစ်ပါးဖြစ်သော ဦးစိန်ရပ်နှင့်ဇနီး ဒေါ်သန်းသန်းတို့အားရည်စူးပြီး ဦးအောင်မြင့်+ဒေါ်အေးအေးမြင့်တို့ကြီးမှူး၍ သား၊ သမီးနှင့် မြေးများကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀
၄၀၂၉။	ဦးသန်းဝင်းနှင့်ဇနီး ဒေါ်တင်တင်ခိုင်၊ (သား)ဗိုလ်ကြီးအောင်ခိုင်ဝင်း(ငြိမ်း) နှင့်ဇနီး မနှင်းဝတ်ရည်လှိုင်၊ (သား)ဦးအောင်ခိုင်မင်းနှင့်ဇနီး မနှင်းရည်ဇော်မင်း၊ (သမီး)မစုနဒီအောင်(ငွေတောင်တရုတ်အစားအစာ)မိသားစုကောင်းမှု (မြေစေတီတော်-၁ ဆု)	၂၃၉၀၀၀၀၀

သာသနိကအဆောက်အဦ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၀၃၀။	ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးသန်း သားသမီးမြေးမိသားစုကောင်းမှု (သုမောဇရပ်လှူဒါန်းခြင်း)	၆၀၀၀၀၀၀၀
၄၀၃၁။	စစ်တောက်ချုပ်မှူးနှင့်ကွပ်ကဲမှုအောက် ညွှန်ကြားရေးမှူးရုံးများ (ဂန္ဓကုဋိတိုက်၊ ကျောက်ထွင်းပန်းချီ၊ ဆိုလာ၊ ဒုတိယအကြိမ်)	၁၂၉၈၀၀၀၀၀
၄၀၃၂။	စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိမိသားစုများ (သုမောဇရပ်လှူဒါန်းခြင်း)	၁၀၀၀၀၀၀၀၀
၄၀၃၃။	ဖွံ့ဖြိုးဇနကုမ္ပဏီလိမ်ဝိတက် (ရွှေ့လျားစက်လှေကားလှူဒါန်းခြင်း)	၂၂၁၈၇၉၀၀၀
၄၀၃၄။	ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၂) သီဟတပ်ခွဲမှ ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ (မြန်မာမှုတစ်ဖက်လှုံ့ဆော်ရေး-၃ ခန်း)	၉၃၀၀၀၀၀
၄၀၃၅။	ဒေါ်နန်းမိုးမိုးအောင်(စခန်းရုံး) နေပြည်တော် (လမ်းမီးတိုင်-၂ တိုင်၊ မဟာရံတံတိုင်းထောင့်တိုင်-၂ တိုင်)	၅၀၀၀၀၀
၄၀၃၆။	ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိ စစ်သည်မိသားစုများ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၁ ခု၊ မြန်မာမှုတစ်ဖက်လှုံ့ဆော်ရေး-၁ ခန်း)	၃၀၀၀၀၀
၄၀၃၇။	ကွယ်လွန်သူ ဇနီး ဒေါ်ညွှန့်ညွှန့်လွင်(အထက်တန်းပြဆရာမ) အားရည်စူး၍ ဗိုလ်မှူးသန်းစိန်(၈၄)နှစ်ပြည့်မွေးနေ့အလှူ (မိတ္တီလာမြို့)	၂၀၀၀၀၀
၄၀၃၈။	ဒုတိယဗိုလ်မှူးကြီးကိုကို(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းဆင့်မိသားစု (လမ်းမီးတိုင်-၁ တိုင်)	၁၀၀၀၀၀
၄၀၃၉။	ဦးသန်းဖေနှင့်ဇနီး ဒေါ်စောမြ သား၊ သမီး၊ မြေး၊ မြစ်မိသားစု (လမ်းမီးတိုင်-၁ တိုင်)	၁၀၀၀၀၀
၄၀၄၀။	ဦးချစ်တီးနှင့်ဇနီး ဒေါ်စိန်ယင်တို့အားရည်စူး၍ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မမသိန်းကောင်းမှု (သာသနာ့ဗီမာန်တော်အတွက်လှူဒါန်းခြင်း)	၁၀၀၀၀၀
၄၀၄၁။	ဒေါ်ဝင်းစိန်	၅၀၀၀
၄၀၄၂။	ဒေါ်စီစီမိသားစု (တောင်ငူမြို့) (ကွန်ကရစ် ၈ လက်မထု-၁ ကျင်း)	၃၆၀၀၀
၄၀၄၃။	ဗိုလ်ကြီးအောင်ဆန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ရွှေ သားသမီးမြေးမိသားစု	၃၀၀၀၀
၄၀၄၄။	ဦးမျိုးဆွေထွန်းနှင့်ဇနီး ဒေါ်မြင့်သိဂီ၊ (သမီး)မအင်ကြင်းမျိုးဆွေမိသားစု	၂၀၀၀၀

ပိဋကသုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၀၄၅။	သိရိပုံ့ချီဦးသိန်းအောင်(ဝန်ကြီးချုပ်-ငြိမ်) နှင့်ဇနီး ဒေါ်ခင်ငွေးမြင့်၊ သား၊ သမီး၊ မြေးမိသားစု (အထူး Bibble Paper ကျမ်းစာအုပ်-၃ စုံ)	၆၀၀၀၀၀
၄၀၄၆။	ဦးမြတ်သူ(ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန) နှင့်ဇနီး ဒေါ်ခင်ယုံ၊ မီးသတ်တပ်ဖွဲ့ဝင်မိသားစုများ (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၀၄၇။	ဒုတိယဗိုလ်မှူးကြီးဟန်ထွန်းအောင်နှင့်ဇနီး ဒေါ်အေးအေးနှင်း၊ (သမီး)မကြည်စင်ဝင့်ပါ၊ မမိုးမြတ်ထက်မိသားစု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၀၄၈။	ကျေးလူရှင်မိဘနှစ်ပါးအားရည်စူး၍ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှဝင်း သားသမီးမြေးတစ်စုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၀၄၉။	ဒုတိယဗိုလ်မှူးကြီးသတိုးအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာညီ၊ (သား)ဗိုလ်ကြီးကျော်ညိုလွင်+မခိုင်မေကျော်၊ (သမီး)ဗိုလ်မှူးဟန်မင်းအောင်+မယုသီရိဝိုလ်၊ (မြေး)မောင်ညီစစ်မင်းညိ၊ မောင်ဝေယံညိမင်း၊ မောင်ထွဋ်ဝေယံအောင်မိသားစု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၀၅၀။	ဦးလှထွန်း(ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန)၊ ဆောက်လုပ်ရေးပန်ကြီးဌာန)နှင့်ဇနီး ဒေါ်ရိုရိမြင့်မိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀
၄၀၅၁။	နှစ်ဖက်သောမိဘများဖြစ်သော (ဦးအောင်ငြိမ်း+ဒေါ်ကြည်မြင့်) ဦးရဲထွဋ်+ဒေါ်အေးတင်တို့အားရည်စူးအမှူးထား၍ ဦးစိုးထူးငြိမ်း+ဒေါ်နီလာရွှေမိသားစုကောင်းမှု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀
၄၀၅၂။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးထွန်းထွန်းဆွေ+ဒေါ်မော်မော်အေးမိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀
၄၀၅၃။	ဦးလွင်ဆွေနှင့်ဇနီး ဒေါ်တင်တင်ထွေး သား၊ သမီး၊ မြေး၊ မြစ်များကောင်းမှု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀

ကန့်ကွက်နိုင်စကြောင်းအမျှားသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃန်းကျွန်းမြို့နယ်၊ ၈/မြောက် ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ဇေဝတိကအိမ်ရာ၊ တိုက်အမှတ်(T-2)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၁၇၀၀-စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ မြို့ရွာနှင့်အိုးတိမ်ဖွံ့ပြိုးရေးဦးစီးဌာနခွဲ အမည်ပေါက်ထားသူ ဦးနေလင်းဇင်(၁၄/မနန(နိုင်)၀၄၅၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)၊ဦးဘတန်လမ်းသဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)ရပ်ကွက်၊ ခရေရိပ်(၁)လမ်း၊ အမှတ်(၂၄၉) ဟုခေါ်တွင်သော (အလျားနဝ ပေ x အနံ၆၀ ပေ)အနက်မှ ခေါင်းရင်းဘက်အခြမ်းရှိ (အလျား ၁၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက်သူ ဦးမြင့်သိန်း [၁၂/သကတ(နိုင်)၀၄၆၆၆၄] ထံမှ ဆက်စပ်စာချုပ်အဆင့်အဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သက်မာစိုး [၁၂/ဒဂမ(နိုင်)၀၀၇၆၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူသန့်၊ [၁၂/သဃက(နိုင်)၁၆၂၈၂၁]မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၃-၃-၂၀၂၃) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ခင်ဌေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၀၁၅) (၁၄-၂-၂၀၁၇)
အမှတ် (၃၀)၊ ဇမ္ဗူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၂၈၁၂၂

မူးယစ်ကို ပစ်သစ်စိတ်သစ်လူ ဘဝသစ်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၃၀၁)၏ အမည်ပေါက် ဒေါက်တာမင်းဝဏ်(ခ)မင်းဝန် [၁၂/ကမရ(နိုင်)၀၀၂၇၁၉]ထံမှ ဦးဟိန်းထက်ဧော [၁၂/စခန(နိုင်)၀၆စ၀၁၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၃၄၀၇၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)ရပ်ကွက်၊ ခရေရိပ်(၁)လမ်း၊ အမှတ်(၂၄၉) ဟုခေါ်တွင်သော (အလျားနဝ ပေ x အနံ၆၀ ပေ)အနက်မှ ခေါင်းရင်းဘက်အခြမ်းရှိ (အလျား ၁၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက်သူ ဦးမြင့်သိန်း [၁၂/သကတ(နိုင်)၀၄၆၆၆၄] ထံမှ ဆက်စပ်စာချုပ်အဆင့်အဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သက်မာစိုး [၁၂/ဒဂမ(နိုင်)၀၀၇၆၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူသန့်၊ [၁၂/သဃက(နိုင်)၁၆၂၈၂၁]မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၃-၃-၂၀၂၃) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ခင်ဌေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၀၁၅) (၁၄-၂-၂၀၁၇)
အမှတ် (၃၀)၊ ဇမ္ဗူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၂၈၁၂

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၀၀၁)၊ မြေညီထပ်၊ အကျယ်အဝန်း(၈၀၀/စပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းမေ [၂/လကန(နိုင်)၀၁၉၇၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီလာ LL.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၀၁)
Ph: 09-785555030, 09-440440710

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ် - ၁ မြေကွက်အမှတ် (၁၉-က)၊ အကျယ်အဝန်း (အလျား ၂၂'½' x အနံ ၆၀')၊ ရေယာ(၀. ၀၃၁)ဧက၊ (၁၃၅၀)စတုရန်းပေရှိ ဒေါ်ခင်မြင့်အမည်ပေါက်နစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၉/က)၊ တောင်ငူလမ်း၊ (၁/၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟူသော်တွင်သော မြေနှင့်အဆောက်အဦးနှင့်တကွ အကျိုးခံစားခွင်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်ခင်မြင့်ထံမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၈-၁၁-၂၀၂၂) ရက်စွဲပါ အထူးကိယ်စားလှယ်လွှဲစာအမှတ် - ၂၀၂၃၅/၂၀၂၂ ရရှိသူ ဦးဝေဠု(၁၅) ဦးဝင်းတင် (၁၂/ဗဟန (နိုင်) ၀၁၆၆၇)က ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန္ဒာဝင်း (၉/တကန (နိုင်) ၁၀၃၄၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ကြည်ကြည်ခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ [ဖဉ်-၁၅၄၇၂]
အမှတ် - ၅၀၊ ပ-ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၂၁၁၂၄၃၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၅)၊ ဗဒ္ဓါလလမ်းမကြီး၊ မြေကွက်အမှတ်(၁၁၀၉)နေ (အဖ) ဦးအောင်ရီ [၈/မမန(နိုင်)၀၄၀၉၈၅]နှင့် (အမိ) ဒေါ်မိလှ [၈/မမန(နိုင်)၀၂စ၄၄]တို့၏ သားဖြစ်သူ မောင်မျိုးကို [၈/မမန(နိုင်)၂၇၄၅၅]သည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး ၎င်း၏သဘော ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးအောင်ရီ[၈/မမန(နိုင်)၀၄၀၉၈၅]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်မြင့်မြင့်စန်း[၁၂/သဃက(နိုင်) ၀၄၇၅၅]၏ သားမောင်သီဟအောင်[၁၂/သဃက(နိုင်) ၁၉၀၆၇၃]သည် မိဘနှစ်ပါး၏ တားမြစ်မှုကို မနာယူဘဲ မိဘတို့နှင့် သဘောထားကိုက်ညီမှုမရှိသော ကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် မိဘတို့၏ ကောင်းစေလိုသော စေတနာဖြင့် ဆုံးမပဲ့ပင်မှုနှင့် ဆန္ဒသဘောထားကို ဆန့်ကျင်၍ မိမိအလိုအလျောက် ပြုလုပ်သွားခဲ့သည့်အတွက် ယနေ့မှစ၍ မောင်သီဟအောင်အား သားအဖြစ်မှအပြီးတိုင် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအ၀ဝတို့သည် မိဘနှစ်ပါးနှင့် သက်ဆိုင်သူမရှိတော့ကြောင်းနှင့် တာ၀နဲ်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြင့်မြင့်စန်း**

အမှတ်(၅၆၁)၊ ၈မိုးရိပ်(၄)လမ်း၊ သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၄၊ မြေကွက်အမှတ်-(၂၆)၊ အကျယ်အဝန်း (၄၁' x ၆၀') နှစ် (၆၀)ဂရန်မြေကွက်မှာ ဦးဆောင်ကျော်ထူး အမည်ဖြင့် မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိပြီး ၄င်းထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ဝင့်ယမင်းဝါ (၁၂/တမ (နိုင်)၁၁၇၃၀၇) မှ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ပြီး အဆိုပါအိမ်မြေကို အမွှမ်အရှင်းကင်းရှင်းစွာလက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ ပြောဆိုသဖြင့်ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါရှိ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်စပါယ် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၂၈၅၅၁၄ ၊ ၀၉ ၉၇၁၅၅၂၂၇၈

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဇ္ဇသီရိမြို့နယ်၊ ၉၀နဒီပရပ်ကွက်၊ မြေကွက်အမှတ်၊ ပ-၂၄၁၁ ပေ(၈၀ x ၆၀)အကျယ်ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်မင်းထွန်း [၁၂/ပဇတ(နိုင်)၀၃၀၇၁၇] ထံမှ ကျွန်မ ဒေါ်မြသန္တာ [၈/မဘန(နိုင်)၀၇၁၄၄၈၀] က အပြီးအပြတ်ဝယ်ယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မ ဒေါ်မြသန္တာထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြသန္တာ
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်
၀၉-၆၉၄၃၃၃၃၉၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၇)လမ်း၊ မြေကွက်အမှတ်(၉၁၂)ဟုခေါ်တွင်သော မြေအကျယ်အနန်း၀ေ(၄၀x၆၀)ရှိ နစ်(၆၀)မြေဌားဂရန်မြေသည် ရန်ကုန်မြို့မြေတော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စမ်းမြင့် (AA-၀၄၂၆၉) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်အခွန်ဆောင်ခြင်း/ဝန်ရန်မူရင်းခြမ်း) မြေကွက်အမှတ်(၉၁၃)နှင့်ကပ်လျက်အခြမ်း၊ မြေအကျယ်အနန်း ၀ေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို "နှစ်ဦးသဘောတူ အရောင်းအဝယ် အရပ်ကတိစာချုပ်"ဖြင့် ဦးတင်လှိုင်[၁၄/မအပ(နိုင်)၀၂၃၆၃၆]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုး [၁၂/ဥကတ(နိုင်) ၁၅၃၃၃]မှလည်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သူဇာအောင်	**ဒေါ်ခင်ပြိုးလှိုင်**
LL.B,D.B.L.D.I.L, WIPO(G.C.I.P Switzerland)	**LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၉/၁၇)	**အထက်တန်းရှေ့နေ(စဉ်-၄၉၂၉၉)**

ရုံး - တိုက်အမှတ်(၂၈၃/၆)၊ ကျောင်းလမ်း၊ သုဝဏ္ဏကျောင်းရှေ့၊ (၂၅)ရပ်ကွက်၊ သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၁၃၁၄

"လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂-မြောက်ရပ်ကွက်၊ သဒ္ဓါရုံ(၂)လမ်း၊ အမှတ်(၁၂၄၉/ခ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာကို[၁၂/သကတ(နိုင်)၁၄၆၇၄၉] လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန္တာကိုနှင့် သာကေတမြို့နယ်၊ ၁၀-တောင်၊ ၁၄-ရပ်ကွက်၊ သာလွှာ၀တီ(၂)လမ်း၊ အမှတ်(၁၅၆၂/က)နေ ဦးကျော်ကျော်မြင့်တို့သည် သာကေတမြို့နယ်တရားရုံး၊ တရားမကြီးအမှုအမှတ်-(၄၅/၂၀၂၀)အမှုတွင် (၁၅-၂-၂၀၂၂)ရက်စွဲပါ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေသည့်အမိန့်အား သာကေတမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး(၂) ရုံးတော်မှ ကွာရှင်းစေသည့် အမိန့်တစ်ရပ်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကျော်ကျော်မြင့်တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်၍ နောက်နောင် ဦးကျော်ကျော်မြင့်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာကို၏ အမည်အား သုံးစွဲခြင်း၊ အမည်အားထည့်သွင်းရေးသားခြင်းများ မပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေအား မည်သည့်နှောင့်ယှက်မှုမျှမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်သိန်းဝေ(LL.B)	**ဒေါ်မြမြင်ဝင်း(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၀၉၆၃)	**အထက်တန်းရှေ့နေ**
(၂၆-၁၂-၂၀၁၂)	**(စဉ်-၂၀၃၂၃) (၁၈-၁၀-၉၄)**
အခန်း(၁၀၁)၊ တိုက်(၅)၊ အင်းဝအိမ်ရာ	**အမှတ်(၁၀၈၀/က)၊ ဇေယျာမြို့ပင်**
မြိတ်လမ်း၊ ၆၆-ရပ်ကွက်၊ ဒဂုံမြို့သစ်	**လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်**
(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။	**(တောင်ပိုင်း)**
Hp:09-448039058	**Hp: 09-421037828**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၄၊ မြေကွက်အမှတ်-(၂၆)၊ အကျယ်အဝန်း (၄၁' x ၆၀') နှစ် (၆၀)ဂရန်မြေကွက်မှာ ဦးဆောင်ကျော်ထူး အမည်ဖြင့် မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိပြီး ၄င်းထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ဝင့်ယမင်းဝါ (၁၂/တမ (နိုင်)၁၁၇၃၀၇) မှ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ပြီး အဆိုပါအိမ်မြေကို အမွှမ်အရှင်းကင်းရှင်းစွာလက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ ပြောဆိုသဖြင့်ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါရှိ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်စပါယ် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၂၈၅၅၁၄ ၊ ၀၉ ၉၇၁၅၅၂၂၇၈

ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ဗဏီမှဆောက်လုပ်ရောင်းချသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မှဒီတာအိမ်ရာ(၁)၊ အခန်းအမှတ် B- 454 တိုက်ခန်းနှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၆)ရပ်ကွက် (ရွာမအနောက်)၊ ဖန်ချက်စက်လမ်း၊ မှဒီတာအိမ်ရာ(၂)၊ အခန်းအမှတ် 2B-265 တိုက်ခန်းတို့အား ဒေါ်ဖြူဖြူညို (၁၁) ဦးမောင်မောင်ရီ(NYHE - ၀၁၀၇၂၈) [၁၂/ဒဂန (နိုင်)၀၂၆၀၇] ကိုင်ဆောင်သူမှ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ဗဏီထံတွင် ဝယ်ယူ၍အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဖြူဖြူညိုသည် (၁-စ-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် ယင်းတိုက်ခန်းများကို ၎င်း၏အစ်မအရင်းဖြစ်သူ ကျွန်ုပ်၏အမှူသည် ဒေါ်မူမှူညို (အဖ) ဦးမောင်မောင်ရီ[၁၃/တကန(နိုင်)၀၁၁၁၇]၏အမှူသည် ဒေါ်မူမှူညို (အဖ) ဦးမောင်မောင်ရီ[၁၃/တကန(နိုင်)၀၁၁၁၇]၏အမည်ပြောင်းလျှောက်ထားမှုအပေါ်လည်းကောင်း၊ တော်ဝင်မိသားစုဆောက်လုပ်ရေး ကုမ္ဗဏီမှပေးအပ်သည့်မှဒီတာအိမ်ရာ(၁)တွင်နေထိုင်ကြသူများ လိုက်နာရန်လိုအပ်သည့်စည်းကမ်

နှိုးဆော်စာ

ဝေရောစနကျောက်စိမ်းစေတီတော် ၁၃၈၄ ခုနှစ်၊ မဟာသင်္ကြန် အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ကျောက်စိမ်းဘုရားအလှူရှင်မှ မ,တည်၍ ဘုရားဈေးသူ/ဈေးသားများစုပေါင်း၍ ဘုရားဖူးလာ လူဦးရေ (၁၀၀၀၀၀)ကျော်အား စတုဒိသာ ထမင်း၊ ဟင်းများ ဧည့်ခံကျွေးမွေးမည် ဖြစ်ပါသည်။

စေတီတော်ဂေါပကအဖွဲ့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄/စက်မှုနှန်)၊ မြေကွက်အမှတ်(၄၁၄)၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)၊ မြေဧရိယာ (၀.၀၆၃)ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ စိုးမခ(၃)လမ်း၊ အမှတ်(၄၁၄) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်အေး(AA-၀၉၆၀၅၆) [၁၂/ဌကတ(နိုင်)၀၄၃၃၂၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အဆောက်အဦ အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်ဦး(LL.B,LL.M,MRes(Law),D.B.L) အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)
အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၉၇၅၀၂၁၈၄၁

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၁) လမ်း၊ အမှတ်(၁၀၆၉)၊ (အလျားပ၄၀ပေXအနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသောင်းမြင့်[၁၂/အစန(နိုင်) ၀၈၃၄၀၁] (Ec.015209)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ယင်းမြေကွက်ပေါ်ရှိ (အလျား၂၂ပေX အနံ၆၀ပေ)၊ စတုရန်းပေ(၁၃၂၀)အကျယ်၊ (ခေါင်းရင်းဘက်အခြမ်း)၊ အမှတ်(၁၀၇၂ နှင့် ကပ်လျက်) ရေ၊ မီး စုံလင်စွာပါရှိသည့်(၂)ထပ်တိုက်အုတ်ညှပ် အိမ်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင် ရောင်းချ ပိုင်ခွင့်ရှိသူဟုဆိုလာသူ ဦးမြင့်အုံး [၁၂/လမန(နိုင်)၀၉၇၆၆၉၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်နီထွေးမိုး[၁၂/မရက(နိုင်) ၁၀၆၂၆၆]က အပြီးအပိုင်ဝယ်ယူ ရန် အရောင်းအဝယ်ပြုလုပ်ထားသည့်တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျ ခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်အောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၂၅၅)
အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၅၀၅၀၆၀၄၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွှန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂-H)၊မြေကွက်အမှတ် (V-၁၂၇)၊ဧရိယာ(၀.၀၂၉)ဧက၊မြေကွက်တည်နေရာအမှတ်(၂၂)၊ဒေါ်သိန်း တင်လမ်း၊ကန်တော်ကလေးမြောက်ရပ်ကွက်၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊မြန်မာနိုင်ငံကက်သလစ်သာသနာပြုပြင်ဆပ်ဖြေခြင်းသီလရှင်ဝိုဏ်းအမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအားအမည်ပေါက်၏ကိုယ်စားတာဝန်ပေးအပ် ခြင်းခံရသူဦးဇော်ညိုမြင့်(ခ)ဂျိုးဇက်ပီတာ(၁၂/မဂတ(နိုင်)၀၀၅၀၃၃)မှနှစ် (၉၀)ဂရန်မှရင်းမှာအထားအသိမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန် ကန်ပါကြောင်းနှင့်ဂင်းဂရန်မှရင်းအားအခြားမည်သူတစ်ဦး၊တစ်ယောက်ကိုမျှ လွှဲပြောင်း၊ရောင်း၊ချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လျှာ၊ဒါန်း၊အာမခံအဖြစ်တင် သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြသနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကဥင်းကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဝန်ခံ ကတိပြုကတိသစ္စာပြုလျှာ၊ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေး မှူးဇော်ထောက်ခံချက်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဇော်ထောက်ခံ ချက်၊သက်ဆိုင်ရာဌာန၏လုပ်ထုံးလုပ်နည်း၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုမည်ဆိုပါကသာသနာရေးရှေထောင့်မှကန့်ကွက်ရန်မရှိပါကြောင်း မြို့နယ်သာသနာရေးမှူး၊ခရိုင်သာသနာရေးမှူး၊နှင့်တိုင်းဒေသကြီးသာသနာ ရေးမှူးတို့၏ထောက်ခံစာများ၊ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ထောက်ခံ ချက်၊ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာလက်ထောက်ဆရာတော်ကြီး၏ ကန့်ကွက်ရန်မရှိကြောင်း(၁၅-၂-၂၀၂၃)ရက်စွဲပါထောက်ခံစာ၊ဂရန်မှရင်း ပျောက်ဆုံးသွားပါသဖြင့်အသစ်လျှောက်ထားရယူရန်အတွက်ဦးဇော်ညိုမြင့် (ခ)ဂျိုးဇက်ပီတာအားတာဝန်ပေးအပ်သဘောတူကြောင်းဆုံးဖြတ်သည်မြန်မာ နိုင်ငံကက်သလစ်သာသနာပြုပြင်ဆပ်ဖြေခြင်းသီလရှင်ဝိုဏ်း၏၂၀-၁၁-၂၀၂၂ ရက်စွဲပါအစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း၊မြေခွန်ပြေစာနှင့်နိုင်/ကတ်တို့ အားတင်ပြ၍ဂရန်သက်တမ်းတိုးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့် ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းအောင် (၁၂/ပဘတ (နိုင်) ၀၁၄၃၃၃၆)၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ အမွေဆက်ခံပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သုခ၀တီလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၈၆)၊ ကဲဘ့ဲ၊ ဦးပိုင်မြေကွက်အမှတ်-၈၊ ၁၅ နှင့် ၁၆၊ ဧရိယာအကျယ်အဝန်း (၂၇.၀၁)ကေ၊ (၀.၁၆၅)ကေနှင့် (၀.၁၉)ကေရှိ မခွဲမစိတ်ရသေးသော မြေ (ယခင် ဆူနီရမ်ပတ်)တို့မှာ ရူနီရမ်ရပ်မရှား (Sooniran Rameshur) အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ ဦးပိုင်မြေကွက်အမှတ်-၈၊ ဧရိယာ(၂၇.၀၁)ကေရှိ မခွဲစိတ်ရသေးသော မြေဧရိယာ အတွင်း ဆီဒိုးနားဟိုတယ် တည်ဆောက်ထားသည့်မြေ ပါ၀င်လျက်ရှိပါသည်။ ယခုအချိန်၌ (၁၀-၃-၂၀၂၃)ရက်နေ့ထုတ် Eleven Media စာစောင်၌ Kepple ကော်ပိုရေးရှင်းမှ Spring Blossom Ventures သို့ ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ အမွေဆက်ခံပိုင်ဆိုင်သောမြေနေရာနှင့် အခြားသောမြေများအပါအဝင် စုစုပေါင်းမြေဧက ၂၇.၈၅ ကေရှိ မြေတို့နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းအောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ် လျှာ၊ဒါန်း၊ခြင်း၊ ထပ်မံကျူးကျော် ဝင်ရောက်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန် B.Sc., R.L.
တရားလွတ်တော်ရှေ့နေ (စဉ်-၄၀၅၁/၈၇)
တိုက် (၃၅)၊ အခန်း (၂၁)၊ ရှေအုန်းပင်အိမ်ရာ (၂)၊ ရန်ရှင်းလမ်း၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၄၉၅၅၅၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်-၁၄၊ မြေကွက်အမှတ်-(၁၀၆၆)၊ ၁၀၆၆)၊ ဦးအောင်ဧယျလမ်း၊ မြေအကျယ် (၈၀' x ၆၀')၊ (၄၈၀၀)စတုရန်းပေ၊ နှစ် (၆၀) ဂရန်မြေကွက်ပေါ် ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်သန်းညွှန့် (၁၂/ဒဂန(နိုင်)၀၁၅၃၉၆) အမည်ဖြင့် အမည်ပေါက် တည်ရှိပြီး ၄င်းမြေကွက်အနက်မှ မြေကွက်အမှတ် (၁၀၆၆) နှင့် ကပ်လျက် ရှိသော မခွဲမစိတ်ရသေးသည့် (၂၀' x ၆၀') မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ(၁)ထပ်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့် စာချုပ်များဖြင့် ၀ယ်ယူထားသူ ဦးအောင်ကျော်ထွန်း (၁၂/တမန (နိုင်) ၀၅၀၆၂၂)မှ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ပြီး အဆိုပါအိမ်မြေကို အရှုပ် အရှင်း ကင်းရှင်းစွာလက်ဝယ်ထားရှိပြီး ရောင်းချိုင်ခွင့်ရှိကြောင်းဝန်ခံ ကြောဆိုသဖြင့်ကျွန်ုပ်၏မိတ်ဆွေမှ ၀ယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါ သည်။

သို့ပါ၍ အဆိုပါအရောင်းအ၀ယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်စပါယ် (LL.B)**
တရားလွတ်တော်ရှေ့နေ(စဉ်-၆၄၇၆)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၆၉၅၂၈၅၅၃၄ ၀၉ ၉၇၃၅၅၂၂၇၃

ကန့်ကွက်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ ကျွန်စစ်သားလမ်း၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ် (၁၀၂)၊ အခန်းအမှတ်(၇)၏ အမည်ပေါက် ဒေါ်သော်တာအေး[၁၄/မမက(နိုင်)၀၈၄၁၄၃] ထံမှ ဒေါ်မြသီတာအေး [၁၂/ လသယ(နိုင်)၀၁၈၃၃၂]က စာချုပ်စာတမ်းဖြင့် ၀ယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သာထူး အောင် [၉/ပဘန (နိုင်) ၂၁၆၆၈၈]၏ SID နံပါတ် 99894 ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပါရန်။

ဖုန်း- ၀၉-၉၅၁၂၉၆၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်-၁၄၊ မြေကွက်အမှတ်-(၁၀၆၆)၊ ၁၀၆၆)၊ ဦးအောင်ဧယျလမ်း၊ မြေအကျယ် (၈၀' x ၆၀')၊ (၄၈၀၀)စတုရန်းပေ၊ နှစ် (၆၀) ဂရန်မြေကွက် ပေါ် ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်သန်းညွှန့် (၁၂/ဒဂန(နိုင်)၀၁၅၃၉၆) အမည်ဖြင့် အမည်ပေါက် တည်ရှိပြီး ၄င်းမြေကွက်အနက်မှ မြေကွက်အမှတ် (၁၀၆၆) နှင့် ကပ်လျက် ရှိသော မခွဲမစိတ်ရသေးသည့် (၂၀' x ၆၀') မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ(၁)ထပ်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့် စာချုပ်များဖြင့် ၀ယ်ယူထားသူ ဦးအောင်ကျော်ထွန်း (၁၂/တမန (နိုင်) ၀၅၀၆၂၂)မှ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ပြီး အဆိုပါအိမ်မြေကို အရှုပ် အရှင်း ကင်းရှင်းစွာလက်ဝယ်ထားရှိပြီး ရောင်းချိုင်ခွင့်ရှိကြောင်းဝန်ခံ ကြောဆိုသဖြင့်ကျွန်ုပ်၏မိတ်ဆွေမှ ၀ယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါ သည်။

သို့ပါ၍ အဆိုပါအရောင်းအ၀ယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်စပါယ် (LL.B)**
တရားလွတ်တော်ရှေ့နေ(စဉ်-၆၄၇၆)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၆၉၅၂၈၅၅၃၄ ၀၉ ၉၇၃၅၅၂၂၇၃

ကန့်ကွက်ကြော်ငြာ

